ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဒီဇင်ဘာ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသောမင်္ဂလာအကျိုးကို ရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလပြည့်၊ သောကြာနေ့။ Friday, 3 November 2017 ၉၀၉၇

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများသည် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ် ကျန်းမာရေးစောင့်ရှောက်မှုများနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ အတတ်နိုင်ဆုံး ဆောင်ရွက်ပေးမည်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခုံတိုင်(မြို့) ကျေးရွာ၌ မြို့တိုင်းရင်းသားများအား တွေ့ဆုံစဉ်။

နေပြည်တော် နိုဝင်ဘာ ၂

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD) ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ စီးပွားရေးလုပ်ငန်းရှင် ဦးဇော်ဇော်၊ ဦးပြည့်ဖြိုးတေဇ၊ ဒေါ်နန်းလိုင်းခမ်းနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရခိုင်ပြည်နယ်မြောက်ခြမ်း မောင်တောခရိုင် ပန်းတောပြင်၊ ခုံတိုင်(မြို့)ရွာသစ်၊ တောင်ပြိုလက်ဝဲ၊ ကျီးကန်းပြင်ဒေသတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

“ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စုစည်းညီညွတ်အေးချမ်းစွာ နေထိုင်နိုင်ရေး၊ လူမျိုးစုများ၏ သမိုင်း၊ အစဉ်အလာ၊ ယဉ်ကျေးမှုများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးကို ဒေသခံပြည်သူများနှင့်အတူ နိုင်ငံတော်အစိုးရကပါ ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားမည်”

လက်ခတ်သံများ ညံခဲ့သည့် မသိုးသက်န်း ရက်ကန်းရက်လုပ် ပူဇော်ပွဲကြီး
စာမျက်နှာ - ၃

မောင်တောခရိုင်တွင် အခြေခံပညာကျောင်း ၅၂ ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ပြီး ဒေသတည်ငြိမ်အေးချမ်းမှုအပေါ် မူတည်၍ ဦးစားပေးသတ်မှတ်ချက်အလိုက် ဖွင့်လှစ်သွားမည်
စာမျက်နှာ - ၁၁

“ငြိမ်းချမ်းရေး၏ သံတမန်များ” တေးသီချင်း စုပေါင်းသီဆိုဖျော်ဖြေ
စာမျက်နှာ - ၅



# မော်တော်ယာဉ် သက်တမ်းတိုးမှု အွန်လိုင်းစနစ်ဖြင့် ကြိုတင် ရက်ချိန်းယူနိုင်ရန် ဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၂**

မော်တော်ယာဉ်မှတ်ပုံတင် သက်တမ်းတိုးရာတွင် အချိန်ကြာမြင့်စွာ တန်းစီစောင့်ဆိုင်းရမှုများကြောင့် အခက်အခဲဖြစ်ပေါ်နေခြင်းကို ဖြေရှင်းနိုင်ရန် အွန်လိုင်းစနစ်ဖြင့် ကြိုတင်ရက်ချိန်းယူ ဆောင်ရွက်သည့်စနစ်ကို ကျင့်သုံးသွားရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မှတ်ပုံတင် သက်တမ်းတိုးမည့်ယာဉ်များ အွန်လိုင်းစနစ်ဖြင့် ကြိုတင်ရက်ချိန်းရယူကာ သတ်မှတ်ရက်တွင် လာရောက်စစ်ဆေးသည့်စနစ်ကို ကျင့်သုံးနိုင်ရန်အတွက် ဆော့ဖ်ဝဲလ်ရေးဆွဲ ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး စောင့်ဆိုင်းရမှုနှင့် ယာဉ်ကြောကျပ်တည်းမှုများမဖြစ်ပေါ်စေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ယာဉ်မောင်းလိုင်စင်စနစ်လိုပဲ ကားလိုင်စင်ဝင်တာကိုလည်း အွန်လိုင်းဘိုကင်စနစ်နဲ့ဆို ပိုပြီးအဆင်ပြေသွားပါလိမ့်မယ်။အဲဒီအတွက် နည်းပညာပိုင်း ဆောင်ရွက်နေပါတယ်"ဟု ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယာဉ်မောင်းလိုင်စင် ဆောင်ရွက်ရာတွင် အောက်တိုဘာ ၁ ရက်မှစတင်ကာ အွန်လိုင်းစနစ်ဖြင့် ကြိုတင်ရက်ချိန်းယူသည့်စနစ်ကို ဆောင်ရွက်ခဲ့ပြီး အနည်းဆုံး သုံးရက်မှ အများဆုံး ရက် ၃၀ အထိ ကြိုတင်ရယူထားနိုင်ကြောင်း သိရသည်။ တစ်နေ့တာ ရေးဖြေစစ်ဆေးမှု လေးကြိမ်အတွက် တစ်ကြိမ်လျှင် အယောက် ၁၀၀ နှုန်းဖြင့် ဖြေဆိုသူအယောက် ၄၀၀ ကို နေ့စဉ် စစ်ဆေးပေးလျက်ရှိကြောင်း သိရသည်။ အလားတူ မော်တော်ယာဉ်မှတ်ပုံတင် သက်တမ်းတိုးခြင်းအတွက် အွန်လိုင်းမှ ကြိုတင်ရက်ချိန်းယူကာ စစ်ဆေးသည့်စနစ်ကို ကျင့်သုံးနိုင်ရန် ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် ၂၀၁၇ ခုနှစ် စက်တင်ဘာလအထိ စာရင်းများအရ တစ်နိုင်ငံလုံးတွင် တရားဝင်မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်အစီးရေ ၉၈၆၈၄၇ စီး ရှိသည့်အနက် ရန်ကုန်လိုင်စင် အစီးရေမှာ ၅၃၁၆၆၉ စီးရှိရာ တစ်နိုင်ငံလုံးရှိ မော်တော်ယာဉ်အစီးရေ၏ ၅၄ ရာခိုင်နှုန်း ဝန်းကျင်ခန့်ရှိနေကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ တရားဝင်ထုတ်ပြန်ထားသော စာရင်းများအရ သိရသည်။

**ဝဝ၁**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမား၊ ပန်းရန် သင်တန်းဖွင့်

**တီးတိန် နိုဝင်ဘာ ၂**

ချင်းပြည်နယ် တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူး၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမား၊ ပန်းရန် သင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး Community Centre ၌ ကျင်းပသည်။

တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝုန်ပြင်းထန်က သင်တန်းဖွင့်လှစ်ရသည့်အကြောင်းနှင့် သင်တန်းကာလအတွင်း စာတွေ့၊ လက်တွေ့ လုပ်ဆောင်ရမည့်အချက်များကို ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါသင်တန်းတွင် တီးတိန်မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်ပတ်ကြာမြင့်မည်ဖြစ်သည်။ တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် တစ်ဖက်တစ်လမ်းမှ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများဖြစ်သည့် စိုက်ပျိုးရေး၊ ဆိုင်ကယ်ပြုပြင်ရေး၊ ယန္တရားမောင်း၊ ပန်းရန်နှင့် လက်သမားသင်တန်းများကို ဘဏ္ဍာရေးနှစ်အလိုက် ဖွင့်လှစ်ပေးခဲ့သည်။



**မြို့နယ်(ပြန်/ဆက်)**

# စက်ရေတွင်း တူးဖော်နေမှု ကွင်းဆင်း စစ်ဆေး

**မော်လိုက် နိုဝင်ဘာ ၂**

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ ကျပ် ၁၅ ဒသမ ၂ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မော်လိုက်မြို့နယ် ဇီးကုန်းအုပ်စု အင်းတပေါင်းကျေးရွာတွင် တူးဖော်လျက်ရှိသော အနက် ပေ ၄၀၀ ရှိ လေးလက်မ စက်ရေတွင်းတူးဖော်နေခြင်းလုပ်ငန်း အချိန်မီပြီးစီးနိုင်ရေး မော်လိုက်ခရိုင် ကျေးလက်ဦးစီးမှူး ဦးအောင်လွင်နှင့် မြို့နယ်ကျေးလက်ဦးစီးဌာနမှ တာဝန်ရှိသူများက အောက်တိုဘာ ၃၀ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ စက်ရေတွင်းတူးဖော်ခြင်းတွင် ဂါလန် ၂၄၀၀ ဆံ့ ကွန်ကရစ်ရေစင်၊ ရေကန်နှင့် ရေစက်ရုံတို့ပါရှိပြီး ပြီးစီးပါက ယင်းကျေးရွာရှိ အိမ်ခြေ ၁၂၁ အိမ် လူဦးရေ ၆၁၆ ဦးအတွက် သန့်ရှင်းသည့်သောက်သုံးရေများ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

**မော်လိုက်သားလေး**



# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ဩဂုတ်လအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၂**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဩဂုတ်လအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၆၀ ဒသမ ၅၄ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၁၈ ဒသမ ၃၈ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၇၈ ဒသမ ၉၂ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၇၉ ဒသမ ၂၃ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၄၂ ဒသမ ၇၀ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၂၁ ဒသမ ၉၃ သန်းဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဩဂုတ်လအတွက် စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၅၀၀ ဒသမ ၈၅ သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၅၄၃ ဒသမ ဝ၁ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ဩဂုတ်လအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၇၂၅ ဒသမ ဝ၇ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၃၆ ဒသမ ၃၅ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၄၆၁ ဒသမ ၄၂ သန်း တင်ပို့နိုင်ခဲ့သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၄၃၁ ဒသမ ၆၅ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၇၀ ဒသမ ၆၅ သန်း နှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၆၀၂ ဒသမ ၃၀ သန်းဖြစ်သဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ဩဂုတ်လအတွင်း စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ ၁၃၀၆၃ ဒသမ ၇၂ သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၂၁၄၀ ဒသမ ၈၈ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရသည်။

**ကြေးမုံ**

# ကြေးမုံ

## မွေ့လျော်ဖွယ် သာစွ တန်ဆောင်မုန်း

ယနေ့သည် တန်ဆောင်မုန်းလပြည့်နေ့ဖြစ်သည်။ တန်ဆောင်မုန်းလပြည့်နေ့သည် ထူးမြတ်သည့်နေ့ဖြစ်သည့်အပြင် ရဟန်းရှင်လူအပေါင်းတို့အတွက် မွေ့လျော်ဖွယ်ကောင်းသော နေ့ဖြစ်သည်။ ဤလ၏ အလှတရားကို သမညဖလသုတ်တွင် အကျယ်ရှင်းလင်းဖွင့်ဆိုထားသည်။ နက္ခတ်အပေါင်းစုံလင်ပြီး လောကဓာတ်တစ်ခွင်တွင် သာယာလှပခြင်းအပေါင်းနှင့် ပြည့်စုံသည်။ ရာသီအားဖြင့်လည်း မိုးအကုန် ဆောင်းအကူး မပူလွန်း မအေးလွန်း ဥတုသပ္ပာယ မျှတသည်။ ထိုအချိန်ကာလ တန်ဆောင်မုန်းလ၏ ထင်ရှားသောအမှတ်လက္ခဏာမှာ ကထိန်ခင်းခြင်းဖြစ်သည်။ မွေ့လျော်ဖွယ်ကောင်းသော ဤကာလတွင် မြန်မာနိုင်ငံအရပ်ရပ်၌ ကထိန်ပွဲသဘင်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြခြင်းမှာ ကောင်းမွန်သော ရိုးရာဓလေ့ထုံးတမ်းစဉ်လာဖြစ်သည်။

ဤကာလမှာ ရဟန်းတို့သည် သုံးလလွန်၍ ဝါကျွတ်သောအခါ ပဝါရဏာပြုပြီးနောက် ဇေတဝန်ကျောင်းတော်ရှိ မြတ်စွာဘုရားရှင်ထံ ပင်ပန်းကြီးစွာလာရောက်၍ ဖူးမြော်ကြကုန်၏။ မြတ်စွာဘုရားရှင်က "ရဟန်းတို့ ကျန်းမာကြကုန်၏လော၊ မျှတကြကုန်၏လော၊ အညီအညွတ်ဝမ်းမြောက်ဝမ်းသာ မငြင်းခုံဘဲ ချမ်းသာစွာ ဝါကပ်ကြကုန်၏လော၊ ဆွမ်းအတွက် မပင်မပန်းဘဲ ရှိကြကုန်၏လော"ဟု မေးတော်မူ၏။ ရဟန်းတို့ကလည်း ကျန်းမာပါ၏၊ မျှတပါ၏၊ အညီအညွတ် မငြင်းမခုံဘဲ ချမ်းသာစွာ ဝါကပ်ခဲ့ကြပါကုန်၏၊ ဆွမ်းအတွက်လည်း မပင်မပန်းဘဲ ရှိကြပါကုန်၏ဟု လျှောက်ထားကြ၏။ ထို့နောက် ရဟန်းတို့အတွက် ကထိန်ခင်းပြီး မပင်မပန်းဘဲ လွတ်လွပ်စွာနေခွင့်ရ၏။

ထို့နောက် ဝါဆိုဝါကပ်တော်မူသော ရဟန်းတို့ကို အကြောင်းပြု၍ မြန်မာနိုင်ငံအရပ်ရပ်တွင် ကထိန်အလှူ ခေတ်စားများပြားလာ၏။ နှစ်စဉ်ကထိန်ခင်းကြ၏။ သို့သော် ကထိန်အလှူ ကထိန်အကြောင်းကို ကောင်းစွာသိသူ နည်းပါးနေသေးသည်။ စင်စစ် ကထိန်အကြောင်းကို မြန်မာတို့အနေဖြင့် ကောင်းစွာသိအပ်ပေသည်။ မြန်မာတို့သည် ဗုဒ္ဓဓမ္မကို ကောင်းစွာသိသူနည်းပါးသော်လည်း နိုင်ငံခြားသားအချို့မှာ ကောင်းစွာ လေ့လာသိရှိနေကြပြီ။ ကထိန်အကျိုး၊ လက်တွေ့ကျသောအချက်များကို ကောင်းစွာသိရှိလာကြသည်။ မြန်မာတို့အနေဖြင့် အလေးအမြတ်ထားကာ လေ့လာသင့်လှသည်။ သို့မှသာ သာသနာရေးဆိုင်ရာ အခမ်းအနားများကို စာပေကျမ်းဂန်နှင့် ညီညွတ်လျက် နှစ်သက်ဖွယ်ဖြစ်ပေလိမ့်မည်။

ကထိန်ကို ပါဠိအားဖြင့် ကထိန ပါဠိသက် ဝေါဟာရပြုကာ ကထိန်ဟုခေါ်ခြင်းဖြစ်သည်။ ကထိန၏အနက်မှာ မြဲမြံခိုင်ခံ့ခြင်းဖြစ်သည်။ ကထိန်မှာလည်း ထိုအနက်ပင်ဖြစ်သည်။ မြန်မာတို့မှာ ကထိန်ကို သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့ (ယနေ့)အထိ တစ်လအတွင်း ကထိန်သင်္ကန်းကပ်လှူခြင်းဟုသာ သိရှိမှတ်သားထားကြသည်။ တန်ဆောင်မုန်းလပြည့်နေ့တွင် နောက်ဆုံးကျင်းပရသည့် ကထိန်၏အနှစ်သာရနှင့် အကျိုးရလဒ်များကို ကျယ်ကျယ်ပြန့်ပြန့် မသိရှိကြချေ။ ထိုသို့မသိရှိလျှင် နှစ်လိုဖွယ်ကထိန်မဖြစ်ဘဲ အပျော်သဘောမျိုး၊ အစဉ်အလာသဘောမျိုး ဖြစ်နေပေလိမ့်မည်။ နောင်တွင် အနှစ်သာရအစစ်အမှန်များနှင့် တဖြည်းဖြည်းဝေးကွာသွားပေလိမ့်မည်။

ကထိန်အကျိုးငါးပါးတွင် ရဟန်းတို့စောင့်စည်းနေကြသော ဝိနည်းသိက္ခာပုဒ်တို့နှင့် ဆက်စပ်နေ၏။ ရဟန်းသည် ဓူတင်တို့ကို တည်ဆောက်ခြင်းမရှိပါလျှင် ကထိန်ခင်းခြင်းမရှိသကဲ့သို့ အကျိုးအာနိသင်နှင့် စပ်လျဉ်းသော သိက္ခာပုဒ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း မရှိပါလျှင်လည်း ထိုအကျိုးအာနိသင်တို့ကို ရသည်ဟု မဆိုနိုင်ပေ။ အကြောင်းမှာ ထိုသိက္ခာပုဒ်တို့ကို စောင့်ရှောက်ခြင်းမရှိသောကြောင့်ဖြစ်သည်။

ကထိန်သင်္ကန်းလျှာ ပုဆိုးအဝတ်ဟူသည်မှာ ကထိန်ခင်းရန် ပိတ်အုပ်ဖြစ်သည်။ ထိုစဉ်အခါက ရဟန်းဒါယကာတို့သည် ကထိန်ခင်းရန်အတွက် သံဃာတို့အား ပိတ်အုပ်ကြမ်းကို လှူဒါန်းကြသည်။ ယင်းကို ရဟန်းတို့သည် ဝိနည်းတော်အတိုင်း ငါးခဏ်း၊ ခုနစ်ခဏ်း စသည် ပိုင်းဖြတ်ချုပ်ဆိုပြီး သင်္ကန်းအဖြစ် ပြုလုပ်ကြသည်။ ထိုသို့ပြုလုပ်ပြီး၍ သင်္ကန်းအဖြစ်သို့ရောက်မှ ကထိန်ခင်းနိုင်သည်။ ဤသည်မှာ ကထိန်အကြောင်း အကျဉ်းမျှသာဖြစ်သည်။ ဘာသာရေး အခင်းအကျင်းများနှင့် ပတ်သက်၍ လွဲချော်မှုတို့မှာ မဖြစ်သင့်ချေ။ ဘာသာရေးဟူသည်မှာ မတိမ်းမစောင်း မှန်မှန်ကန်ကန် ပြုလုပ်သင့်သည်။

သို့ဖြစ်ရာ နှလုံးမွေ့လျော်ဖွယ်ကောင်းသော တန်ဆောင်မုန်းလပြည့်နေ့တွင် တန်ဆောင်မုန်းလ၏ အဓိက အထိမ်းအမှတ် လက္ခဏာဖြစ်သည့် ကထိန်ခင်းခြင်း စသည့် ကောင်းမှုတို့ကို ပြုလုပ်ဆည်းပူးကြရာ ဝိနည်းဒေသနာတော်နှင့်အညီ ပြုလုပ်ခင်းကျင်းခြင်းဖြင့် မွန်မြတ်ကောင်းမွန်သော အကျိုးရလဒ်ကောင်းများကို ဆောင်ကြဉ်းနိုင်စေရန် လေးစားစွာဖြင့် အသိပေးအပ်ပါသည်။ ။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

themirror.npt@gmail.com
www.facebook.com/themirrordaily

✪ ကျောဖုံးမှ

အထိမ်းအမှတ်ရုပ်တုငယ်များ ထုဆစ်ပြသထားရှိမှု၊ ပြည်သူများ အပန်းဖြေလေ့လာကြည့်ရှုနိုင်ရန် ကလေးကစားကွင်းတည်ဆောက်ထားမှု၊ ပျောက်ကွယ်လုနီးပါးဖြစ်နေသော ဆလုံလူမျိုးများ၏ လူနေမှုဓလေ့စရိုက်များ လေ့လာကြည့်ရှုနိုင်ရန် ပြခန်းတည်ဆောက်ပြသထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ အဆင့်မြှင့်တင်ရေးအတွက် Master Plan ရေးဆွဲဆောင်ရွက်မည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီဝင်များက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်း ဆောင်ရွက်သင့်သည့် လုပ်ငန်းများကိုလည်းကောင်း အကြံပြုဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့်ပတ်သက်ပြီး ဒုတိယသမ္မတက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် သမိုင်းအစဉ်အဆက် မှီတင်းနေထိုင်လျက်ရှိသည့် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများအား တစ်နေရာတည်းတွင် တစုတစည်းတည်း ထင်ရှားပေါ်လွင်စွာ လေ့လာနိုင်ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ်ပိုမိုကိန်းအောင်းခိုင်မာလာစေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပိုမိုဖြစ်ထွန်းလာစေရန်ရည်ရွယ်၍ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကို တည်ထောင်ခဲ့ပါကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် အဓိကရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့်ဝန်ဆောင်မှုရေးရာကော်မတီ အစည်းအဝေးများတွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ ကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးခဲ့ကြပါကြောင်း။

မိမိတို့နိုင်ငံသည် လူမျိုးပေါင်းစုံကို အခြေခံပြီး တည်ဆောက်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်ရေးသည် အဓိကလိုအပ်ချက်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်ပြီး အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် စည်းလုံးညီညွတ်ရေးအတွက် တစိုက်မတ်မတ် အလေးထားကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်ကို ထိရောက်ပြီး အောင်အောင်မြင်မြင်ဖြစ်စေရေး ဝိုင်းဝန်းကြိုးစားပေးကြရန် တိုက်တွန်းပါကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအဆင့်မြှင့်တင်ဆောင်ရွက်ရေးအတွက် Master Plan ရေးဆွဲရာတွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ တည်ဆောက်ရခြင်း၏ မူလရည်ရွယ်ချက်ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပိုမိုဖြစ်ထွန်းစေရန်သာမက မြန်မာ့ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကိုပါ အထောက်အကူပြုစေရန်နှင့် ပြည်သူများ စိတ်လက်ချမ်းသာစွာ အနားယူအပန်းဖြေနိုင်သည့် နေရာကောင်းတစ်ခုဖြစ်လာစေရေး အမြန်ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်းရှိ နန်းမြင့်မျှော်စင်အတွင်း ခင်းကျင်းပြသထားသည့် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာအဝတ်အစားများနှင့် အသုံးအဆောင်များ၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားရိုးရာအိမ်များနှင့် ဆလုံတိုင်းရင်းသားပြခန်းအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**

# လက်ခတ်သံများညံခဲ့သည့် မသိုးသင်္ကန်း ရက်ကန်းရက်လုပ်ပူဇော်ပွဲကြီး

**ရန်ကုန် နိုဝင်ဘာ ၂**

မြတ်ဘုရားအား ရည်မှန်းကာ ကပ်လှူပူဇော်မည့် မသိုးရွှေကြာသင်္ကန်းများအတွက် လက်ခတ်သံတညံညံနှင့် ရက်လုပ်နေကြသည့် ရက်ကန်းပညာရှင်များ၏ ရက်ကန်းခတ်သံများသည် နိုဝင်ဘာ ၂ ရက် ညနေပိုင်းက ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်တစ်ဝန်းတွင် လွှင့်ပျံ့လျက်ရှိသည်။

“ဘုရားကြီးမှာ မသိုးသင်္ကန်းခတ်တယ်ဆိုတာ ပိုက်ဆံရှိနေလို့ ဒီသင်္ကန်းကြီးကို ကပ်ချင်ပါတယ်ဆိုရင်တောင် ကပ်လို့ရတာမဟုတ်ပါဘူး၊ ကျွန်မတို့တွေ ကိုယ်တိုင်ခတ်လှူတဲ့သင်္ကန်းက ကိုယ့်ရဲ့ကုသိုလ်ပါ၊ ဒီကုသိုလ်ကို လိုချင်လို့ပါ” ဟု ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ရှစ်နှစ်တိုင် မသိုးသင်္ကန်းရက်လုပ်ကပ်လှူပွဲများတွင် ပါဝင်ရက်ကန်းရက်သူ တနင်္လာသန့်ရှင်းရေးအသင်းမှ ဒေါ်အိအိမင်းက ပြောသည်။

ဗုဒ္ဓဘာသာမြန်မာတို့၏ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းရန်၊ မြန်မာ့ရိုးရာလက်ခတ်ရက်ကန်းပညာမပျောက်ပျက်စေရန်နှင့် ကုသိုလ်ရေးဆိုင်ရာ မြတ်ဘုရား၏ စကားတော်ကိုလည်း လိုက်နာကျင့်သုံးရာရောက်စေရန်ရည်ရွယ်သည့် မသိုးသင်္ကန်းရက်ကန်းရက်လုပ် ကပ်လှူပူဇော်ပွဲ ရက်ကန်းရက်ပြိုင်ပွဲအခမ်းအနားများကို ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပ၍ အထည်အလိပ်ပညာရှင်များ၊ ရက်ကန်းပညာရှင်များ၊ စက်ချုပ်ပညာရှင်များ၊ စေတနာရှင်ပြည်သူများ၏ ပေါင်းစည်းအင်အားများဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် မသိုးရွှေကြာသင်္ကန်းများကို ကပ်လှူပူဇော်ခဲ့သည်မှာ ၃၃ နှစ်တိုင်ခဲ့ပြီ ဖြစ်သည်။

ယခုနှစ်တွင်လည်း မသိုးသင်္ကန်းရက်ကန်းပြိုင်ပွဲတွင် ဘာသာရေးအသင်းအဖွဲ့ပေါင်း ၆၉ သင်းရှိသည့်အနက် အသင်းကိုးသင်းမှ ဆန္ဒပြုကုသိုလ်ယူကာ ပြိုင်ပွဲဝင်ခဲ့ကြသည်။ စင် (၁) တွင် ဗုဒ္ဓဂုဏ်ရောင်အသင်း၏ မြရတနာစင်တော်၊ စင် (၂) တွင် စေတနာရှင်အသင်း၏ မဟူရာစင်တော်၊ သီရိသုခအသင်း၏ ပုလဲရတနာစင်တော်၊ ဓမ္မဂုဏ်ရောင်အသင်း၏ ဥဿဖရားရတနာစင်တော်၊ တနင်္ဂနွေညနေအသင်း၏ ပတ္တမြားရတနာစင်တော်၊ အင်္ဂါသမာဓိအသင်း၏ ကျောက်စိမ်းရတနာစင်တော်၊ မေတ္တာပါရမီအသင်း၏ စိန်ရတနာစင်တော်၊ ရွှေသစ္စာသာသနာပြုအသင်း၏ နီလာရတနာစင်တော်၊ တနင်္လာသန့်ရှင်းရေးအသင်း၏ သန္တာရတနာစင်တော်တို့မှ ရက်ကန်းပညာရှင်များ ဝင်ရောက်ယှဉ်ပြိုင်ရက်လုပ်ခဲ့ကြသည်။

ယှဉ်ပြိုင်ရက်လုပ်ရာတွင်လည်း ပြိုင်ပွဲဝင်များသည် မြန်မာ့ရိုးရာလက်ခတ်ရက်ကန်းပညာဖြင့် မသိုးရွှေကြာသင်္ကန်းရရှိရန် ညနေ ၅ နာရီခွဲမှ ည ၉ နာရီထိ အချိန်ကာလ လေးနာရီကြာ မနားမနေယှဉ်ပြိုင်ရက်လုပ်ခဲ့ကြသည်။



**ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ၃၃ ကြိမ်မြောက် မသိုးသင်္ကန်း ရက်ခတ်ပြိုင်ပွဲတွင် ရက်ကန်းစင်တော်များ ယှဉ်ပြိုင်ရက်ခတ်ကြစဉ်။**

ရက်လုပ်ရရှိခဲ့သည့် အရှည်ဆုံးအလျားရှိပိတ်သား၏အရှည်အသွေးကို အထည်အလိပ်ပညာရှင်များက စစ်ဆေးအမှတ်ပေးပြီးနောက် ပိတ်သားများကို ဝိနည်းတော်နှင့်အညီ ညတွင်းချင်း ချုပ်လုပ်ခဲ့ကြသည်။

အဆိုပါသင်္ကန်းများကို တန်ဆောင်မုန်းလပြည့်နေ့ အရုဏ်မတက်မီအချိန်တွင် သတ်မှတ်ထားသည့် ဗုဒ္ဓရုပ်ပွားတော် ကိုးဆူတွင် စုပေါင်းလှည့်လည်ပူဇော်ကပ်လှူသွားမည့်အပြင် ကပ်လှူပူဇော်ပွဲကြီး အောင်ပွဲအထိမ်းအမှတ်အဖြစ် လပြည့်နေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်းတော်ကြီးဆက်ကပ်လှူဒါန်းခြင်း၊ ဩဝါဒစရိယဆရာတော် ၁၁ ပါးအားပင့်ဖိတ်ပြီး စောင့်ရှောက်ရေးသံဃာတော် ခုနစ်ပါး အပါအဝင် ဆရာတော်သံဃာတော် ၁၈ ပါးတို့အား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ ကထိန်သင်္ကန်းကပ်လှူခြင်း၊ အနုမောဒနာတရားနာကြားခြင်းများကို ပြုလုပ်သွားမည်ဟု ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့မှ သိရသည်။

ဗုဒ္ဓသာသနာတော် အဓွန့်ရှည်စွာ တည်တံ့ပြန့်ပွားစေရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာနှင့် လက်မှုရက်ကန်းပညာများ မကွယ်ပျောက်စေရေးအတွက် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတွင် ယနေ့ညနေ ၄ နာရီခွဲက မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲကို ကျင်းပကြောင်း သိရသည်။

မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲကို နိုင်ငံတော်အထည်ချုပ်စက်ရုံများမှ တတ်ကျွမ်းသော ရက်ကန်းပညာရှင်များက စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ပြီး စိစစ်အကဲဖြတ်၍ အမှတ်ပေးရွေးချယ်ကြောင်း၊ ပါဝင်ယှဉ်ပြိုင်သည့် အဖွဲ့ ၂၄ ဖွဲ့မှ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး မသိုးသင်္ကန်းရက်လုပ်မှုမှာ သန်းခေါင်မတိုင်မီ ပြီးစီးမည်ဟု ခန့်မှန်းထားကြောင်း စေတီတော်၏တာဝန်ခံအလှည့်ကျ ဂေါပကဦးလှမြင့်က ပြောသည်။

ဆုကြေးများအနေဖြင့် ပထမဆု ငါးသိန်း၊ ဒုတိယဆု လေးသိန်း၊ တတိယဆု သုံးသိန်းနှင့် နှစ်သိမ့်ဆု နှစ်သိန်း ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ ရက်လုပ်ပြီးစီးသည့် သင်္ကန်းများကို တန်ဆောင်မုန်းလပြည့်နေ့ အရုဏ်မတက်မီ နံနက် ၄ နာရီခွဲတွင် ဂေါတမမြတ်စွာဘုရား၏ ဆံတော်စစ်ရတနာနှင့် ဗုဒ္ဓရုပ်ပွားတော် ၂၄ ဆူအား မသိုးရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းပူဇော်မည်ဖြစ်ကြောင်း သိရသည်။ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ၃၅ ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီက အဆိုပါစေတီတော်ရှိ တိုးချဲ့ဓမ္မရင်ပြင်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းနှင့် တာဝန်ရှိသူများ၊ လှူတော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**သတင်း-ဇာနည်မောင်၊ ခင်ဇာလီ**
**ဓာတ်ပုံ-ဇာဏီ၊ ခင်မောင်ဝင်း(ကြေးမုံ)**



**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၏ ၃၅ ကြိမ်မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲတွင် ရက်ကန်းစင်တော်များ ယှဉ်ပြိုင်ရက်ခတ်ကြစဉ်။**

# စုပေါင်းမဟာဘုံကထိန်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်းများ၊ စာသင်တိုက်များအား ကထိန်သင်္ကန်းများနှင့် ပဒေသာပင်များ ဆက်ကပ်လှူဒါန်းနိုင်ရန် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူးပြုလုပ်သော စုပေါင်းမဟာဘုံကထိန် လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မြို့နယ်သံဃာ့မဟာနာယကဥက္ကဋ္ဌဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ခြင်း၊ ကြွရောက်တော်မူလာကြသော ဆရာတော်သံဃာတော်များက မင်္ဂလသုတ်အစရှိသော ပရိတ်တရားတော်များချီးမြှင့်ခြင်း၊ ပဒေသာပင် ၂၂ ပင် စုစုပေါင်းကျပ် ၆၆၉၉၅၀ တန်ဖိုးရှိ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ ပဒေသာပင်များအား မဲဖောက်လှူဒါန်းကြခြင်းနှင့် လှူဒါန်းမှုအစုစုအတွက် မြို့နယ်သံဃမဟာနာယကဥက္ကဋ္ဌဆရာတော်ထံမှ ရေစက်ချအနုမောဒနာတရားနာကြားပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ဉာဏ်ဟိန်း**



# ဘရာဇီး၌ ဘောလုံးပရိသတ်အချင်းချင်း ခိုက်ရန်ဖြစ်ပွား တစ်ဦးသေဆုံး



**ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၂**
ဘရာဇီးနိုင်ငံတွင် ဘောလုံးပွဲကြည့်ပရိသတ်အချင်းချင်း ခိုက်ရန်ဖြစ်ပွားမှုကြောင့် အမျိုးသားတစ်ဦး ဦးခေါင်း၌ သေနတ် ကျည်ဆန်ထိမှန်သေဆုံးခဲ့ရကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက နိုဝင်ဘာ ၁ ရက်တွင် ပြောကြားကြသည်။

သေဆုံးသူမှာ အသက် ၂၄ နှစ်ရှိ ကာလို့စ်အဖွန်ဆိုဒီအိုလီဗာရီးယားဆိုသူဖြစ်ပြီး ဗာစကိုဒဂါးမားဘောလုံးအသင်းနှင့် ဖလမ်မင်ဂိုဘောလုံးအသင်းတို့၏ ပရိသတ်များ ရီယိုဒီဂျနေးရိုးရှိ မာရာကန်နာအားကစားကွင်း၌ အောက်တိုဘာ ၂၈ ရက်က ခိုက်ရန်ဖြစ်ပွားမှုဖြစ်စဉ်တွင် သေနတ်ဖြင့် ပစ်ခတ်ခံရသူသုံးဦးအနက် တစ်ဦးဖြစ်ကြောင်း သိရသည်။

နှစ်ဦးမှာ ဒဏ်ရာပြင်းထန်ခြင်းမရှိကြောင်း၊ ၎င်းတို့အနက် တစ်ဦးမှာ ဆေးရုံမှဆင်းသွားပြီဖြစ်ကြောင်း ဒေသန္တရအစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုပြုလုပ်နေပြီး တရားခံအများအပြား လွတ်မြောက်နေဆဲဖြစ်သည်။

ပွဲမစခင် နှစ်ဖက်အသင်းများမှ ပွဲကြည့်ပရိသတ်များ စုဝေးရောက်ရှိနေသည့် ဖွန်စီကာအရပ်၌ ပဋိပက္ခဖြစ်ပွားခဲ့သည်။

စောခရစ္စတိုဗိုရပ်ကွက်ရှိ ဘောလုံးဝါသနာအိုးများကလပ်အသင်းရုံးချုပ်တွင် လက်နက်များနှင့် မီးရှူးမီးပန်းများ သယ်ဆောင်လာသည့် ဗာစကိုဒဂါးမားဘောလုံးအသင်း ပရိသတ် ၇၇ ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ**



# အာဖဂန်မြောက်ပိုင်းတွင် လောင်စာဆီတင်ယာဉ် ပုံးခွဲခံရ လူရှစ်ဦးထက်မနည်း သေဆုံး

**ကဘူးလ် နိုဝင်ဘာ ၂**
အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်းရှိ မြို့ကြီးတစ်မြို့တွင် လောင်စာဆီတင်ယာဉ်တစ်စီးကို ဗုံးဖောက်ခွဲမှုဖြစ်ပွားရာ လူရှစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက နိုဝင်ဘာ ၁ ရက်တွင် ပြောကြားကြသည်။

ပါဝမ်ပြည်နယ်မြို့တော် ချာရီကာမြို့လယ်တွင် ယင်းလောင်စာဆီတင်ကား ဗုံးဖောက်ခွဲခံရခြင်းဖြစ်ပြီး မီးတောက်များက ခရီးရှည်ပြေးဆွဲပေးသော အဝေးပြေးခရီးသည်တင် ဘတ်စ်ကားတစ်စီးနှင့် တိုယိုတာအမျိုးအစား မော်တော်ယာဉ်တစ်စီးတို့ကို ကူးစက်လောင်ကျွမ်းခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ဝါအီဒါရှာခါက ပြောကြားသည်။

ခရီးသည်အပြည့် လိုက်ပါလာသော ဘတ်စ်ကားသည် အာဖဂန်နစ္စတန်မြို့တော် ကဘူးလ်မြို့သို့ ဦးတည်မောင်းနှင်နေစဉ် ယင်းပေါက်ကွဲမှုနှင့် ကြုံတွေ့ရကြောင်း ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောကြားသည်။

ယင်းပေါက်ကွဲမှုကြောင့် လူရှစ်ဦးသေဆုံးပြီး ထိခိုက်ဒဏ်ရာရသူ ၂၄ ဦးရှိကြောင်း ပါဝမ်ပြည်နယ် ရဲတပ်ဖွဲ့အကြီးအကဲ မိုဟာမက်ဇာမန် မာမိုဇိုင်က အတည်ပြုပြောကြားသည်။ ထိခိုက်ဒဏ်ရာရသူများထဲမှ ၁၀ ဦးမှာ စိုးရိမ်ရသည့်အခြေအနေရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လောင်စာဆီတင်ယာဉ်တွင် ကပ်ထားသော ဗုံးကြောင့် ပေါက်ကွဲမှုဖြစ်ပွားရပြီး မီးတောက်များက အဝေးပြေးခရီးသည်တင် ဘတ်စ်ကားကို ပျံ့နှံ့ကူးစက်လောင်ကျွမ်းခြင်းဖြစ်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။

လွန်ခဲ့သည့်ရက်သတ္တပတ်များက တာလီဘန်စစ်သွေးကြွများနှင့် အိုင်အက်စ်လက်နက်ကိုင်များက အရှိန်မြှင့်တိုက်ခိုက်လာမှုများကြောင့် စစ်ပန်းနေသည့် အာဖဂန်နစ္စတန်နိုင်ငံ၌ ယခုတိုက်ခိုက်မှုသည် လူအသေအပျောက်များသည့် နောက်ဆုံးတိုက်ခိုက်မှုဖြစ်သည်။

အောက်တိုဘာ ၃၁ ရက်က အာဖဂန်နစ္စတန်မြို့တော် ကဘူးလ်ရှိ လုံခြုံရေးထူထပ်စွာချထားသည့် သံတမန်ရပ်ကွက်အတွင်း၌ အသေခံဗုံးဖောက်ခွဲရေးသမားတစ်ဦးက ဖောက်ခွဲတိုက်ခိုက်မှုကြောင့် လူငါးဦးထက်မနည်း သေဆုံးပြီး လူအများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ **ရိုက်တာ**

# အိုစမာဘင်လာဒင်၏ ကွန်ပျူတာမှ ဗီဒီယိုဖိုင်များကို ပြည်သူတို့ လေ့လာကြည့်ရှုနိုင်ရန် စီအိုင်အေထုတ်ပြန်

**ဝါရှင်တန် နိုဝင်ဘာ ၂**
၂၀၁၁ ခုနှစ်က အိုစမာဘင်လာဒင် သေဆုံးမှုကို ဖြစ်ပေါ်စေခဲ့သည့် စစ်ဆင်ရေးလုပ်ငန်းအတွင်း သိမ်းဆည်းရမိခဲ့သော ကွန်ပျူတာတစ်လုံးမှ ဗီဒီယိုမှတ်တမ်းများကို အမေရိကန်စုံစမ်းစစ်ဆေးရေး အေဂျင်စီ(စီအိုင်အေ)က အများပြည်သူတို့သိစေရန် ထုတ်ပြန်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်အထူးတပ်ဖွဲ့များက သိမ်းဆည်းရမိခဲ့သော အဆိုပါ ကွန်ပျူတာအတွင်း သိုလှောင်သိမ်းဆည်းထားသော ဗီဒီယိုဖိုင်များတွင် ကလေးကာတွန်းရုပ်ရှင်ကားများ၊ ဟောလိဝုဒ်ရုပ်ရှင်ကားများနှင့် အိုစမာဘင်လာဒင်နှင့် သက်ဆိုင်နေသည့် မှတ်တမ်းဗီဒီယိုကားများပါဝင်ကြောင်း စီအိုင်အေက ပြောကြားသည်။

အမေရိကန်အထူးတပ်ဖွဲ့များသည် ၂၀၁၁ ခုနှစ် မေ ၂ ရက်က ပါကစ္စတန်နိုင်ငံ အဘော့တဘတ်မြို့ရှိ အိုစမာဘင်လာဒင် ပုန်းအောင်းနေထိုင်သော အဆောက်အအုံအတွင်းသို့ စီးနင်းဝင်ရောက်ခဲ့ကြသည်။ ယင်းစစ်ဆင်ရေးလုပ်ငန်းတွင် အမေရိကန်အထူးတပ်ဖွဲ့ဝင်များနှင့် နေအိမ်အတွင်းရှိ လူများတိုက်ပွဲဖြစ်ပွားခဲ့ပြီး ဦးခေါင်း၌ ကျည်မှန်ခံရသူ ဘင်လာဒင်မှာ သေဆုံးခဲ့ရသည်။

ဘင်လာဒင်ပုန်းအောင်းနေထိုင်ခဲ့ရာ အဆောက်အအုံအတွင်းမှ သိမ်းဆည်းရမိသော ကွန်ပျူတာအတွင်း တွေ့ရှိရသော ဗီဒီယိုဖိုင်များကို အများပြည်သူတို့လေ့လာကြည့်ရှုနိုင်ရန် ထုတ်ပြန်ပေးလိုက်ကြောင်း စီအိုင်အေ ညွှန်ကြားရေးမှူး မိုက်ပွမ်ပီယိုက ပြောကြားသည်။ အိုစမာဘင်လာဒင်၏ အကြမ်းဖက်အဖွဲ့က အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ရန် စီစဉ်ဆောင်ရွက်ခဲ့ပုံကို ထင်ဟပ်ဖော်ပြနေသော ဗီဒီယိုဖိုင်များပါဝင်ကြောင်း ၎င်းက ပြောကြားသည်။

အယ်လ်ခိုင်ဒါအကြမ်းဖက်အဖွဲ့၏ ခေါင်းဆောင်နှင့် ပတ်သက်၍ အများပြည်သူတို့လေ့လာသိရှိနိုင်ရန် ထုတ်ပြန်ပေးရခြင်းမှာ ၂၀၁၄ ခုနှစ် ထောက်လှမ်းရေးလုပ်ငန်းဆိုင်ရာ အသုံးစရိတ်လျာထားချက် ဥပဒေနှင့်အညီ လုပ်ဆောင်ခြင်းဖြစ်သည်။ အဆိုပါ ဥပဒေအရ အမျိုးသားထောက်လှမ်းရေးဌာန ညွှန်ကြားရေးမှူးသည် စီးနင်းမှုအတွင်း သိမ်းဆည်းရမိသော စာရွက်စာတမ်းများကို သုံးသပ်လေ့လာရမည်ဖြစ်ပြီး သက်ဆိုင်ရာဖိုင်များကို အများပြည်သူတို့ လေ့လာကြည့်ရှုနိုင်စေရန် လျှို့ဝှက်ကန့်သတ်အဆင့်မှ ပယ်ဖျက်ပေးရမည်ဖြစ်သည်။

**ရိုက်တာ**



# နျူကလီးယားဗုံးကျည်စမ်းသပ်ပစ်လွှတ်ရန် ပြုံယမ်းလှုပ်ရှားနေကြောင်း တောင်ကိုရီးယား စုံစမ်းထောက်လှမ်းရေးအေဂျင်စီဆို

**ဆိုးလ် နိုဝင်ဘာ ၂**
တောင်ကိုရီးယားစုံစမ်းထောက်လှမ်းရေးအေဂျင်စီက မြောက်ကိုရီးယားနိုင်ငံသည် နျူကလီးယားဗုံးကျည် စမ်းသပ်ပစ်လွှတ်မှုများပြုလုပ်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သတိပေးပြောကြားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

တောင်ကိုရီးယားအမျိုးသားစုံစမ်းစစ်ဆေးရေးအေဂျင်စီ(အင်န်အိုင်အက်စ်)က နိုဝင်ဘာ ၂ ရက်တွင် ကျင်းပခဲ့သည့် ပါလီမန်အစည်းအဝေးတစ်ရပ်တွင် အထက်ပါကိစ္စနှင့်ပတ်သက်ပြီး အစီရင်ခံစာတစ်ရပ် တင်သွင်းခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းမြို့ရှိ ဒုံးကျည်ပစ်လွှတ်စင်နေရာတွင် ဒုံးကျည်စမ်းသပ်ပစ်လွှတ်နိုင်ခြေရှိသည့် လှုပ်ရှားမှုများကို အင်န်အိုင်အက်စ်က တင်ပြခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံမြောက်ပိုင်းရှိ ဒုံးကျည်ပစ်လွှတ်သည့်နေရာဖြစ်သည့် ပန်ဂေး-ရီ ဥမင်လိုဏ်ခေါင်းသည် မကြာသေးမီက ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးသွားခဲ့သည်။ စက်တင်ဘာလက စမ်းသပ်ပစ်လွှတ်ခဲ့သည့် နျူကလီးယားဒုံးကျည်ခြောက်ခုမြောက်ကို ယင်းဒုံးလွှတ်စင်မှ ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။ နောက်ထပ်ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်ရန် ဒုံးပစ်စင်နေရာ အသစ်တစ်ခု အဆင်သင့်ရှိနေသေးကြောင်း အင်န်အိုင်အက်စ်က တင်ပြခဲ့သည်။

၁၉၉၀ ပြည့်နှစ်နှောင်းပိုင်းကစပြီး ပြုံယမ်းအား နိုင်ငံတကာကစီးပွားရေးပိတ်ဆို့မှုများ တဖြည်းဖြည်း ချမှတ်ခဲ့သည့်အတွက် နိုင်ငံစီးပွားရေး ချွတ်ခြုံကျကာ ပြည်သူပြည်သားများ အစာရေစာပြတ်လပ်မှုဖြင့် ရင်ဆိုင်နေရသည်ဟု အင်န်အိုင်အက်စ်က ဆွေးနွေးခဲ့သည်။

**အင်န်အိတ်ချ်ကေ**

**❖ ပြည်သူများမှ**

မြန်မာ့ရိုးရာ အကအလှများဖြစ်သည့် မြေဝိုင်းအက၊ အိုးစည်ဒိုးပတ်အက၊ ဆိမီးခွက်အက၊ ကျောက်ဆည်ဆင်အက၊ ရုပ်သေးအကတို့အပြင် တေးသံရှင် မြန်မာပြည်သိန်းတန်၊ ဇော်ဝင်းထွဋ်၊ ယုရီနှင့် လူရွှင်တော်များက ဖျော်ဖြေတင်ဆက်မည်ဖြစ်ပြီး နိဗ္ဗာန်ဈေးပွဲတော်ကိုပါ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ဒီပွဲနဲ့ပတ်သက်ပြီး အကြံပေးချင်တာလေးတစ်ခုကတော့ နိဗ္ဗာန်ဈေးကျွေးတဲ့နေရာမှာ ထိန်းထိန်းသိမ်းသိမ်းလေးလုပ်ပေးရင် အဆင်ပြေမယ်၊ အတင်းတိုးဝှေ့နေကြတယ်၊ နိုင်ငံခြားသားတွေအမြင်မှာလည်း မသင့်တော်ဘူး၊ အဲဒီအတွက် တန်းစီစနစ်နဲ့ စနစ်တကျ ဆောင်ရွက်ပေးစေချင်ပါတယ်"ဟု ပွဲတော်လာရောက်သူ ကျောင်းဆရာမတစ်ဦးက ပြောသည်။

ထို့အတူ ၇၉ ကြိမ်မြောက် ရန်ကုန်အနောက်ပိုင်း တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၁ ရက်မှ ၄ ရက်အထိ ကျုံးကြီး ၁ လမ်းမှ လမ်းမတော်လမ်းအထိ အနော်ရထာလမ်းတစ်လျှောက် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

"ရန်ကုန်အနောက်ပိုင်း တန်ဆောင်တိုင် မီးထွန်းပွဲတော်ကျင်းပလာခဲ့တာ ၇၉ ကြိမ်ရှိပါပြီ၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နှစ်စဉ်ရိုးရာမပျက် ထိန်းသိမ်းကာ နောင်လာနောက်သားများ အခုလို ပွဲတော်ကြီးကို မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက်တွေ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျင်းပတာဖြစ်ပါတယ်"ဟု လမ်းမတော်တန်ဆောင်တိုင်ပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးတင့်ဆွေအောင်က ပြောသည်။

အဆိုပါပွဲတော်မှာ ပြည်လုံးချမ်းသာ မဟာဝိဇ္ဇူက စေတီတော်မြတ်ကြီး၏ တန်ဆောင်တိုင်မီးထွန်းပွဲနှင့် ဆွမ်းတော်ကြီးတင်ပွဲကို အကြောင်းပြု၍ ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပြီး တစ်မြို့နယ်လုံးအတိုင်းအတာဖြင့် ၁၉၃၈ ခုနှစ်မှ စတင်ကာ ကျင်းပခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

"ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ရေကျော်နေရာတွေမှာ သီတင်းကျွတ်ဆို ပွဲတော်ရှိတယ်၊ တန်ဆောင်တိုင်ဆို အလုံနဲ့ လမ်းမတော်မှာပဲ ပွဲတော်ရှိတယ်၊ အခု အလုံမှာ ပွဲတော်မရှိတော့ဘူး၊ ဒီမှာတော့ တစ်နှစ်မှ မပျက်သေးဘူး၊ ဦးဘဂျမ်းလမ်းနဲ့ မဟာဗန္ဓုလလမ်းထိပ်မှာ မာဃစင်ဆိုတဲ့ ဖျော်ဖြေရေးစင်ဆိုတာရှိတယ်။ မာဃစင်က ဖျော်ဖြေရေးပြီးတာနဲ့ ဦးဘဂျမ်း ကာတွန်းပွဲကို ကြည့်တယ်၊ ဒါလေးကအမှတ်တရပေါ့"ဟု လမ်းမတော်မြို့နယ်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

ယခုကျင်းပသည့် ရန်ကုန်အနောက်ပိုင်း တန်ဆောင်တိုင်မီးထွန်းပွဲတော်တွင် စားသောက်ကုန်များ၊ ရိုးရာအစားအစာများ၊ အထည်အလိပ်များ၊ မြန်မာ့ရိုးရာ ကလေးကစားစရာများနှင့် ရိုးရာထုတ်ကုန်များပါဝင်သည့် ဈေးဆိုင်ခန်းပေါင်း ၁၅၀ ခန့် ခင်းကျင်းရောင်းချထားပြီး ဝါသနာရှင်များ၏ တေးသရုပ်ဖော် ဖျော်ဖြေမှုများ၊ ကြည့်ချင်ဖွယ် စတိတ်ရှိုးများ၊ အငြိမ့်များ၊ ဂီတပညာရှင်များက ဖျော်ဖြေတင်ဆက်မှုများဖြင့် စည်ကားစွာကျင်းပလျက်ရှိကြောင်း သိရသည်။

**သတင်း-သီသီမင်း၊ အေးမင်းသူ၊ ဓာတ်ပုံ-ပေါက်ကြီး**



**ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံတွင် တန်ဆောင်တိုင်ကာလ စည်ကားလှပနေမှုကို တွေ့ရစဉ်။**

# "ငြိမ်းချမ်းရေး၏ သံတမန်များ" တေးသီချင်း စုပေါင်းသီဆိုဖျော်ဖြေ

**ရန်ကုန် နိုဝင်ဘာ ၂**

ပြည်သူလူထုအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းများတွင် ပိုမိုစိတ်ပါဝင်စားလာစေရေး တက္ကသိုလ်ကင်းထောက် မောင်မယ်များက "ငြိမ်းချမ်းရေး၏ သံတမန်များ" တေးသီချင်းကို ယနေ့ညနေပိုင်းက တန်ဆောင်တိုင်မီးထွန်းပွဲတော်တွင် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှိ လွတ်လပ်ရေးကျောက်တိုင်အနီး၌ သီဆိုဖျော်ဖြေကြသည်။

ကင်းထောက်ကြီး ဂီတစာဆို ဟသ်ာတမြင့်ဌေ ရေးစပ်ပြီး တေးသံရှင် ဖြိုးပြည့်စုံ၊ ဆိုဖီယာတို့ သီဆိုထားသည့် "ငြိမ်းချမ်းရေး၏ သံတမန်များ" တေးသီချင်းကို လာမည့် နိုဝင်ဘာ ၁၂ ရက် ညပိုင်းတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ ၁ သုဝဏ္ဏ၌ ကျင်းပမည့် မြန်မာနိုင်ငံ ကင်းထောက်ဂီတပွဲတော်တွင် သီဆိုဖျော်ဖြေမည်ဖြစ်ရာ ယခုအခါ တက္ကသိုလ်ကင်းထောက် မောင်မယ်များက အခြေခံပညာအထက်တန်းကျောင်းများမှ ကင်းထောက် မောင်မယ်များနှင့်အတူ မဟာဗန္ဓုလပန်းခြံအတွင်း စုပေါင်းသီဆိုဖျော်ဖြေကြရာ ပြည်သူလူထုကလည်း စိတ်ပါဝင်စားစွာဖြင့် ပါဝင်သီဆိုကြပြီး မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် အမျိုးသား ကင်းထောက်ချုပ် ဒေါက်တာတင်ညိုနှင့် အမျိုးသား၊ အမျိုးသမီး ကင်းထောက်ကြီးများက ကြည့်ရှုအားပေးကြသည်။

တေးသီချင်း သီဆိုဖျော်ဖြေပွဲအပြီး ကင်းထောက်မောင်မယ်များက ငြိမ်းချမ်းရေးနှင့် မြန်မာကင်းထောက်ဂီတပွဲတော် အထိမ်းအမှတ် ဖဲကြိုးပြာများကို လာရောက်ကြသည့် ပြည်သူလူထုအား ဝေငှပေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# အင်တာပိုလ်မှ ဦးဆောင်၍ သစ်တောမှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးဖွင့်ပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂**

အပြည်ပြည်ဆိုင်ရာရဲအဖွဲ့(အင်တာပိုလ်)က ဦးဆောင်၍ တရားမဝင် သစ်ထုတ်လုပ်မှုနှင့် သစ်တောမှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးဖြစ်သည့် "ဒေသတွင်း သစ်တောမှုခင်းဖြစ်စဉ်များအား စုံစမ်းစစ်ဆေးခြင်းနှင့် စိစစ်လေ့လာရေးအစည်းအဝေး"ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ Grand Royal ACE Hotel ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ နိုင်ငံဖြတ်ကျော် မှုခင်းဌာနကြီး၏ ဌာနကြီးမှူး၊ မြန်မာနိုင်ငံ အင်တာပိုလ်ရဲအဖွဲ့ ဒုတိယအကြီးအကဲ ရဲမှူးချုပ် အောင်ဌေးမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ တာဝန်ရှိသူများ၊ အင်တာပိုလ် အထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ စီမံကိန်းလက်ထောက် Mr. Mathis Freytah (Project Assistant) နှင့် မှုခင်းဆိုင်ရာစုံစမ်းရေးအရာရှိ Mr. Tim O'Connell (Criminal Intelligence Officer)၊ ကမ္ဘောဒီးယား၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံ၊ လာအိုနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးကို နိုဝင်ဘာ ၁ ရက်မှ ၃ ရက်ထိ အဆိုပါဟိုတယ်၌ ပြုလုပ်မည်ဖြစ်သည်။

အစည်းအဝေးကို မဲခေါင်ဒေသတွင်း နိုင်ငံများဖြစ်သည့် မြန်မာ၊ ကမ္ဘောဒီးယား၊ ထိုင်း၊ ဗီယက်နမ်နှင့် လာအိုနိုင်ငံများအကြား သစ်တောမှုခင်းများ တားဆီးနှိမ်နင်းခြင်း၊ တရားမဝင်သစ်ထုတ်လုပ်ခြင်းနှင့် သစ်ကုန်ကူးခြင်းတို့အား စုံစမ်းဖော်ထုတ်ခြင်း၊ မှုခင်းများ စုံစမ်းဖော်ထုတ်စဉ် တွေ့ကြုံရသည့် အခက်အခဲများအား သတင်းဖလှယ်မျှဝေခြင်း၊ နိုင်ငံဖြတ်ကျော် စုံစမ်းစစ်ဆေးခြင်းများတွင် အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ တိုးမြှင့်စေခြင်းတို့အား ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အစည်းအဝေးတွင် မဲခေါင်ဒေသတွင်း ငါးနိုင်ငံ၌ ၂၀၁၇ ခုနှစ် မေလနှင့် ဇွန်လတို့တွင် တစ်ပြိုင်တည်း ပြုလုပ်ခဲ့သည့် သစ်တောဘက်ဆိုင်ရာ တရားဥပဒေစိုးမိုးရေးအတွက် အထောက်အကူပြုရေးလုပ်ငန်းစဉ်၏ ရလဒ်များကို သုံးသပ်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆိုင်ကယ်ပြင် သင်တန်းဖွင့်လှစ်

**သရက် နိုဝင်ဘာ ၂**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် အလပ်လယ်ကျေးရွာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာနေ လူငယ်လူရွယ်များ တစ်ပိုင်တစ်နိုင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်း ပြုလုပ်တတ်စေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆိုင်ကယ်ပြင် သင်တန်းကို ယမန်နေ့က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီးက အဖွင့်အမှာစကား ပြောကြားပေးပြီး မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆိုင်ကယ်ပြင် သင်တန်းဖွင့်လှစ်ပေးရသည့် ရည်ရွယ်ချက်အား ပြောကြားသည်။

အဆိုပါသင်တန်းသို့ အနီးဝန်းကျင်ကျေးရွာရှစ်ရွာမှ သင်တန်းသား ၁၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ၁၅ ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း၊ သင်တန်းဖွင့်ပွဲအပြီးတွင် သင်တန်းဆရာများက သင်တန်းသားများကို အချိန်တိုအတွင်း တတ်မြောက်စေရန် လက်တွေ့သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# ‘ကမ္ဘာပေါ်မှာ ပြုပြင်ပြောင်းလဲမှု လုပ်နိုင်တဲ့ နိုင်ငံတွေထဲက မြန်မာနိုင်ငံနဲ့ အီသီယိုးပီးယားနိုင်ငံကို ကမ္ဘာ့ဘဏ်က ပြုပြင်ပြောင်းလဲမှုနဲ့ပတ်သက်ပြီး အကောင်းဆုံး ဦးဆောင်နိုင်တဲ့ နိုင်ငံဖြစ်လို့ ရွေးချယ်လိုက်တာဖြစ်ပါတယ်’

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ အောက်တိုဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည့် Investment Competitiveness Forum တွင် ကမ္ဘာ့ဘဏ်အုပ်စုက မြန်မာနိုင်ငံအား Star Reformers Award ဆုကို ချီးမြှင့်ခဲ့သည်။

အဆိုပါ Star Reformers Award ဆုကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာအောင် ဆွဲဆောင်နိုင်ခြင်း၊ ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ လွယ်ကူရှင်းလင်းအောင် ဆောင်ရွက်နိုင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှ နည်းပညာများ၊ ပြည်တွင်းလုပ်ငန်းများသို့ လွှဲပြောင်းရရှိစေခြင်းနှင့် ပြုပြင်ပြောင်းလဲမှုများကို နိုင်ငံတကာမှ အသိအမှတ်ပြုရလောက်အောင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းစသည့်အချက်များကို အခြေခံပြီး ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Star Reformers Award ဆုချီးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ Investment Competitiveness Forum သို့ တက်ရောက်ခဲ့သည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးနှင့် မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ရပါသည်-

**မေး။ ။ ကမ္ဘာ့ဘဏ်ကနေပြီး မြန်မာနိုင်ငံအစိုးရကို ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ထူးချွန်ဆု ပေးအပ်ချီးမြှင့်တယ်လို့ သိရပါတယ်။ ဘယ်လိုစံညွှန်းတွေနဲ့ ပေးအပ်သလဲဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ ကမ္ဘာ့ဘဏ်က ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်တဲ့ ဝန်းကျင်ကောင်းဖြစ်လာအောင် ပြုပြင်ပြောင်းလဲမှုလုပ်တဲ့ နိုင်ငံတွေကို ပြန်လည်စိစစ်သုံးသပ်ပါတယ်။ စိစစ်တဲ့နေရာမှာ နိုင်ငံအသီးသီးက ပြုပြင်ပြောင်းလဲမှုတွေသည် သက်ဆိုင်ရာနိုင်ငံတွေရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကြီးစွာသော အထောက်အပံ့ဖြစ်ခြင်းက ပထမစိစစ်ချက်ဖြစ်ပါတယ်။ ဒုတိယအချက်က ပြုပြင်ပြောင်းလဲမှုတွေနဲ့ သိသာထင်ရှားတဲ့ရလဒ်တွေ ရရှိခြင်းပါ။ တတိယအချက်က ကမ္ဘာ့ဘဏ်ကပြုစုထားတဲ့ ဆန်းစစ်ချက်တွေရဲ့ ရမှတ်တွေ အကျုံးဝင်ခြင်းပါ။ ဒီ ၃ ချက်ပေါ်မှာ အခြေခံပြီး ဆန်းစစ်တာ ဖြစ်ပါတယ်။ ဆန်းစစ်တဲ့ နိုင်ငံအသီးသီးအနက်က ကမ္ဘာပေါ်မှာ ပြောင်းလဲမှု လုပ်နိုင်တဲ့ နိုင်ငံထဲမှာ ဒီနှစ်ထူးထူးခြားခြား မြန်မာနိုင်ငံနဲ့ အီသီယိုးပီးယား ၂ နိုင်ငံကို ကမ္ဘာ့ဘဏ်က ပြုပြင်ပြောင်းလဲမှုနဲ့ ပတ်သက်ပြီး အကောင်းဆုံးလုပ်ဆောင်နိုင်တဲ့ နိုင်ငံ ဖြစ်တယ်လို့ ရွေးချယ်လိုက်တာဖြစ်ပါတယ်။

**မေး။ ။ ရင်းနှီးမြှုပ်နှံမှုဥပဒေ ထုတ်ပြီးတဲ့အခါမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေက ပိုပြီးဝင်လာတယ်။ အဲဒီအပေါ်မှာ မြန်မာနိုင်ငံရဲ့ လက်ရှိရင်းနှီးမြှုပ်နှံမှုအခြေအနေကို ပြောပြပေးပါ။**

ဖြေ။ ။ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး မနှစ်က ၂၀၁၆ အောက်တိုဘာ ၁၈ ရက်မှာ ရင်းနှီးမြှုပ်နှံမှုဥပဒေပြဌာန်းပြီးတော့ ဆက်တိုက်ပဲ လိုအပ်တဲ့ ကြေညာချက်တွေ ထုတ်တယ်။ နည်းဥပဒေတွေ ထုတ်ပြန်တယ်။ ထုတ်ပြန်ပြီး တစ်ဖက်ကလည်း ပြုပြင်ပြောင်းလဲမှုလုပ်ရင်းနဲ့ တစ်ဖက်ကလည်း ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးတွေကို တစ်ပြိုင်နက်တည်း ဆောင်ရွက်ခဲ့တယ်။ ဆောင်ရွက်တော့ ဒီနှစ်မှာ သိသာထင်ရှားတဲ့ ရလဒ်ကတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ၂၀၁၇ ဧပြီ ၁ ရက်ကစပြီး စက်တင်ဘာလကုန်အထိ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ ခွင့်ပြုမိန့်ထုတ်ပေးလိုက်တာ၊ အတည်ပြုပေးလိုက်တာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၁၀၀ ကျော်လောက်ရှိပါတယ်။

အခုနှစ် လျာထားချက်က သန်းပေါင်း ၆၀၀၀ ဖြစ်ပါတယ်။ သန်းပေါင်း ၆၀၀၀ ကို ၁၂ လ လျာထားတဲ့အထဲမှာ သန်းပေါင်း ၄၀၀၀ ကျော်ကို ခြောက်လအတွင်း လုပ်နိုင်တဲ့အတွက်ကြောင့် ဒါသည် သိသာထင်ရှားတဲ့ ရလဒ်တစ်ခုပါ။ ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်ကြောင့် လုပ်ရကိုင်ရတာ ပိုပြီးလွယ်ကူသွားတယ်။ ပိုပြီးရှင်းလင်းသွားတယ်။ နောက်ပြီး ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ လုပ်ရကိုင်ရတာ ပိုပြီးအဆင်ပြေချောမွေ့သွားတယ်။ စိတ်ဝင်စားမှုများလာတယ်။ ရင်းနှီးမြှုပ်နှံမှုပမာဏ ပိုတက်လာတဲ့အနေအထား ဖြစ်လာတယ်။ ပြုပြင်ပြောင်းလဲမှုရဲ့ ရလဒ်တစ်ခုလို့ ပြောလို့ရပါတယ်။

**မေး။ ။ ဒီဥပဒေထွက်လာပြီးတော့မှ ရင်းနှီးမြှုပ်နှံမှုတွေ ပိုများလာတယ်။ အဲဒါကြောင့် ဒီဆု ပေးအပ်တာရော ဟုတ်ပါသလား။**

ဖြေ။ ။ အဲဒါလည်း ဟုတ်ပါတယ်။ သူတို့အကဲဖြတ်တဲ့ အချက်တွေက အများကြီးပါ။ ပြုပြင်ပြောင်းလဲမှုရဲ့ ရလဒ်ထွက်ပေါ်လာမှုက ဘယ်လောက် သိသာထင်ရှားသလဲဆိုတာ အခြေခံစဉ်းစားတဲ့အထဲမှာ အချက်တစ်ချက်ဖြစ်ပါတယ်။

**မေး။ ။ ဒီဆုရလာတဲ့အတွက် ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ ဘယ်လိုမျိုး ဆက်လက်ပြီး ကြိုးပမ်းဆောင်ရွက်သွားဖို့ရှိပါသလဲ။**

ဖြေ။ ။ တကယ်တော့ ပြုပြင်ပြောင်းလဲမှုဆိုတာက ပြီးသွားတာ မဟုတ်ပါဘူး။ အမြဲတမ်းလုပ်နေရတဲ့ ကိစ္စဖြစ်ပါတယ်။ MIC အနေနဲ့ကတော့ လုပ်ငန်းတွေ ဆောင်ရွက်တဲ့အပိုင်းမှာ အစိုးရရဲ့အေဂျင်စီတစ်ခုအနေနဲ့ စည်းမျဉ်းစည်းကမ်းတွေ၊ လုပ်ထုံးလုပ်နည်းတွေ ဒါတွေ ဒီထက်ပိုကောင်းအောင်၊ ပိုပြီးရိုးရှင်းလွယ်ကူအောင်၊ တစ်ဖက်ကလည်း ရင်းနှီးမြှုပ်နှံသူတွေက စည်းကမ်းနဲ့ တိုင်းပြည်အတွက် အကျိုးရှိတဲ့လုပ်ငန်းတွေ လုပ်နိုင်အောင်၊ စည်းကမ်းဥပဒေ အားကောင်းအောင် ဒါတွေကို ဆက်ပြီး ကြပ်မတ်ထိန်းကျောင်း လုပ်ကိုင်ပါမယ်။ နောက်တစ်ခုကလည်း ဥပဒေတွေနဲ့ပတ်သက်ပြီး ဥပဒေကို အသက်ဝင်လာအောင် ဆောင်ရွက်တဲ့ကိစ္စအားလုံးကို ဆက်ပြီးလုပ်ပါမယ်။ ဒီထက်ပိုအရေးကြီးတာက ပရိုမိုးရှင်းကို MIC က ဆက်ပြီးဆောင်ရွက်သွားဖို့ရှိပါတယ်။ ပရိုမိုးရှင်းက ဘာနဲ့ဆက်စပ်လဲဆိုရင် လုပ်ငန်းတွေ ပိုမိုလွယ်ကူချောမွေ့အောင် လုပ်ဆောင်နိုင်ခြင်းနဲ့ ဆက်စပ်ပါတယ်။ MIC အဓိကဆက်လုပ်မယ့် လုပ်ငန်းတွေကို ပိုင်းခြားရင် အပိုင်း ၄ ပိုင်းရှိပါတယ်။ စည်းမျဉ်းစည်းကမ်းတွေကို ပိုမိုပြီး လုပ်သာကိုင်သာရှိလာအောင်၊ လုပ်ငန်းရှင်တွေ စည်းမျဉ်းစည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်စေအောင် ထိန်းကျောင်းတဲ့ အပိုင်းလုပ်ပါမယ်။ ဥပဒေကို ပိုပြီးထိရောက်အောင်၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်လာအောင် လုပ်ကိုင်ပါမယ်။ နောက်ဆုံးအချက်က စီးပွားရေးလုပ်ငန်းတွေ အားလုံး မြန်မာနိုင်ငံမှာ လုပ်တဲ့လုပ်ငန်းတွေအားလုံး ဒီထက်ပိုပြီး လွယ်ကူအောင် ဆက်ပြီးလုပ်သွားဖို့ရှိပါတယ်။

**မေး။ ။ မကြာခင်က ဖွင့်လှစ်လိုက်တဲ့ ရခိုင်ပြည်နယ်နဲ့ ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ ရုံးခွဲတွေ ဖွင့်လှစ်ထားခဲ့တဲ့အပေါ်မှာ ဘယ်လိုပရိုမိုးရှင်းတွေ လုပ်ဆောင်သွားမလဲဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ ရခိုင်ပြည်နယ်ရုံးက အောက်တိုဘာ ၃၀ ရက်က ဖွင့်လှစ်ခဲ့ပါတယ်။ ဖွင့်လှစ်တဲ့ ရည်ရွယ်ချက်က ရခိုင်ပြည်နယ်က အလားအလာကောင်းတွေ အများကြီးရှိတဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ တစ်ဖက်ကလည်း ပြည်နယ်က တည်ငြိမ်မှုတွေလည်း ရှိနေပြီဖြစ်ပါတယ်။ သို့သော် ပြည်နယ်မှာရှိတဲ့ အလားအလာတွေကို အကောင်အထည်ဖော်နိုင်ဖို့ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုဝင်ရောက်လာအောင် ပြည်တွင်းရော ပြည်ပရော လိုအပ်ပါတယ်။ ဒါကြောင့် ပြည်နယ်မှာ ရုံးသွားဖွင့်ခြင်းဖြင့် ပြည်နယ်မှာ ရင်းနှီးမြှုပ်နှံမှုတွေ၊ ပြည်နယ်ထဲမှာရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ ရန်ကုန်၊ နေပြည်တော် သွားစရာမလိုတော့ဘူး။ ပြည်နယ်ထဲမှာ ကုမ္ပဏီတွေ မှတ်ပုံတင်လို့ရတယ်။ ပြည်နယ်ထဲမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ အတည်ပြုပေးတယ်။ MIC တင်ချင်တဲ့ကိစ္စတွေ ရန်ကုန်လာစရာမလိုဘူး။ ပြည်နယ်ရုံးမှာ တင်ပြီး ပြည်နယ်ရုံးက ရုံးချုပ်ကို ဆက်ပို့ပေးမယ်။ လုပ်ငန်းရှင်တွေ သက်သာအောင် လုပ်ပေးပါတယ်။ ပြည်နယ်အစိုးရကိုလည်း ရင်းနှီးမြှုပ်နှံမှု အထောက်အပံ့ အကူအညီတွေပေးနိုင်အောင် ရည်ရွယ်ချက်နဲ့ လုပ်ပေးတာဖြစ်ပါတယ်။ ပြည်နယ်အလားအလာတွေကို အကောင်အထည်ပေါ်လာအောင် ပြည်နယ်ရုံးက စတင်လုပ်ဆောင်နေပြီဖြစ်ပါတယ်။ ချင်းပြည်နယ်ရုံးက နိုဝင်ဘာ ၂၀ ရက်မှာ ဆက်ဖွင့်ပါမယ်။ ချင်းပြည်နယ်ရဲ့ လက်ရှိအနေအထားက နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုမရှိသေးတဲ့ ပြည်နယ်တစ်ခု



ဦးအောင်နိုင်ဦး ညွှန်ကြားရေးမှူးချုပ်

ဖြစ်ပါတယ်။ ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုက အားနည်းနေတယ်။ ရုံးသွားဖွင့်ခြင်းအားဖြင့် ပြည်နယ်အစိုးရကလည်း ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးကိစ္စတွေ၊ ရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်တဲ့ကိစ္စတွေကို ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဌာနက လိုအပ်သလို ကူညီပေးမှာဖြစ်ပါတယ်။ ရည်ရွယ်ချက်က ပြည်နယ်မှာ လုပ်မယ့် ကိုင်မယ့် လုပ်ငန်းတွေ သက်သောင့်သက်သာ အချိန်ကုန် ငွေကုန် လူပင်ပန်း သက်သာပြီး လုပ်နိုင်ဖို့နဲ့ ပြည်နယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအထောက်အကူဖြစ်ဖို့ ရည်ရွယ်ပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ။ အဲဒီဒေသမှာ လာရောက်ရင်းနှီးမြှုပ်နှံတဲ့ ပြည်တွင်းပြည်ပကုမ္ပဏီတွေအတွက် အခွန်ကင်းလွတ်ခွင့်တွေ ဘယ်လို သတ်မှတ်ပေးသွားမှာပါလဲ။**

ဖြေ။ ။ အခွန်ကင်းလွတ်ခွင့်ကတော့ ရင်းနှီးမြှုပ်နှံမှုဥပဒေမှာ ပါပြီးသားဖြစ်ပါတယ်။ အကြမ်းဖျင်းပြောရရင် ရခိုင်ပြည်နယ်ရော ချင်းပြည်နယ်မှာ ပါရှိတဲ့ မြို့နယ်တွေ အားလုံးက ဇုန် ၁ ထဲမှာ ပါပါတယ်။ ဇုန် ၁ မှာပါတဲ့အတွက် အဲဒီဒေသမှာသွားပြီး ရင်းနှီးမြှုပ်နှံတဲ့ လုပ်ငန်းတွေသည် MIC က သတ်မှတ်ထားတဲ့ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်မှုကဏ္ဍမှာပါရင် ဝင်ငွေခွန် ကင်းလွတ်ခွင့် ခုနစ်နှစ် ရမှာဖြစ်ပါတယ်။ နိုင်ငံသားရော နိုင်ငံခြားသားပါ ဝင်ငွေခွန် ကင်းလွတ်ခွင့် ခုနစ်နှစ်ပေးမှာ ဖြစ်ပါတယ်။ ရန်ကုန်မှာ လုပ်တဲ့ လုပ်ငန်းတွေက သုံးနှစ်ပဲရမယ်။ ရခိုင်ပြည်နယ်နဲ့ ချင်းပြည်နယ်မှာ လုပ်တဲ့လုပ်ငန်းတွေက ခုနစ်နှစ်ရမယ်။ သီးခြားထူးခြားတဲ့ အခွင့်အလမ်းတွေ ပေးထားပါတယ်။

**မေး။ ။ မြန်မာနိုင်ငံက ပထမဆုံး ဒီဆုရတဲ့အတွက် ဘာများ ပြောချင်ပါသလဲ။**

ဖြေ။ ။ တကယ်တမ်းပြောရရင် ဒီဆုရဖို့မျှော်မှန်းပြီး လုပ်ခဲ့တာမဟုတ်ပါဘူး။ အစိုးရအနေနဲ့ ကိုယ့်တိုင်းပြည်မှာ ရင်းနှီးမြှုပ်နှံမှုတွေ ပိုပြီးအဆင်ပြေချောမွေ့စေဖို့၊ ပိုပြီးလွယ်ကူရှင်းလင်းစေဖို့၊ နိုင်ငံသားတွေ ပိုအကျိုးရှိစေဖို့၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုဝင်ရောက်လာစေဖို့ အဲဒီအပေါ် ဦးတည်ပြီး လုပ်သင့်လုပ်ထိုက်တာတွေ ပြင်သင့်ပြင်ထိုက်တာတွေကို နိုင်ငံတော်အစိုးရရဲ့ လမ်းညွှန်မှု၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ အကောင်အထည်ဖော်မှုတွေနဲ့ ဒါကို တစိုက်မတ်မတ် လုပ်ခဲ့တာပါ။ ဆုရမယ်လို့ မျှော်လင့်ချက်မထားခဲ့ပါဘူး။ ဆု ရှိမှန်းတောင် မသိခဲ့ပါဘူး။ ဆုချီးမြှင့်ခံရခြင်း လျာထားတယ်ဆိုတဲ့ ကမ္ဘာ့ဘဏ်က စာပို့လိုက်မှ ရွေးချယ်လိုက်ပြီဆိုမှ ဒီဆု ရှိမှန်းသိတာပါ။ ဒီဆုရဖို့ရည်ရွယ်လုပ်တာမဟုတ်ဘဲ တိုင်းပြည် စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့၊ ရင်းနှီးမြှုပ်နှံမှု ပိုမိုလွယ်ကူစွာလုပ်နိုင်ဖို့ ရည်ရွယ်ပြီး ဆောင်ရွက်ခဲ့ရင်းနဲ့ ကံအားလျော်စွာ ဒီဆုအတွက် ရွေးချယ်ခြင်းခံခဲ့ရတာပါ။ ကိုယ်လုပ်တဲ့လုပ်ငန်းတွေ တစ်ဖက်ကကြည့်ရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာတယ်။ မနှစ်ကထက် ယှဉ်ရင် ပိုပြီးသိသိသာသာ ဝင်လာတယ်။ ပိုပြီးရင်းနှီးမြှုပ်နှံလာတာတွေ့ရတယ်။ ဒီအပေါ်မှာလည်း ဝမ်းသာပါတယ်။ မြန်မာနိုင်ငံမှာလာပြီး ရင်းနှီးမြှုပ်နှံတဲ့ နိုင်ငံခြားသားလုပ်ငန်းရှင်တွေရော၊ ပြည်တွင်းလုပ်ငန်းရှင်တွေရော လုပ်ရကိုင်ရပိုလွယ်လာတယ်။ ပိုကောင်းလာတယ်ဆိုတဲ့ တုံ့ပြန်မှုတွေ ရလာပါတယ်။ အဲဒီအတွက် ဝမ်းသာပီတိဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်အုပ်စုက ကျွန်တော်တို့ လုပ်ဆောင်ချက်တွေကို အသိအမှတ်ပြုပြီး ဆုပေးတဲ့အတွက် အတိုင်းထက်အလွန် ဝမ်းသာပါတယ်။ MIC အနေနဲ့ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ လုပ်သင့်လုပ်ထိုက်တာတွေကို ရင်းနှီးမြှုပ်နှံမှုကဏ္ဍကနေ တစိုက်မတ်မတ် ဆက်ပြီး လုပ်သွားမှာပါ။

**မေး။ ။ ဒီဆုကို ဘယ်လိုနိုင်ငံမျိုးတွေကို ပေးတာပါလဲ။**

ဖြေ။ ။ နိုင်ငံအရေအတွက် သတ်မှတ်ထားတာ မရှိပါဘူး။ ကမ္ဘာပေါ်မှာရှိတဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်နေတဲ့ ကမ္ဘာ့ဘဏ်အုပ်စုဝင်နိုင်ငံတွေ အများကြီးထဲက အကဲဖြတ်ပြီး ပေးတာပါ။ အကဲဖြတ်တဲ့အခါ အမှတ်ကောင်းရတဲ့အတွက် နှစ်နိုင်ငံရွေးတဲ့အထဲမှာ မြန်မာနိုင်ငံပါသွားတာ ဖြစ်ပါတယ်။

**မေး။ ။ ရခိုင်ဒေသဖွံ့ဖြိုးတိုးတက်ဖို့ ရင်းနှီးမြှုပ်နှံမှုတွေအပြင် အခြား ဘာတွေ လိုအပ်ပါသလဲ။ အမြင်လေး သိပါရစေ။**

ဖြေ။ ။ တကယ်တော့ အစိုးရက အစီအစဉ်တကျ သွားနေပါတယ်။ အခု ဒေသတွင်းတည်ငြိမ်မှုရအောင် ဦးစွာတည်ဆောက်နေပါတယ်။ တည်ငြိမ်မှု အတိုင်းအတာတစ်ခုရနေပြီဆိုတော့ ပြန်လည် ထူထောင်ရေးလုပ်ငန်းတွေ လုပ်ဆောင်နေပါတယ်။ ရင်းနှီးမြှုပ်နှံမှုအပိုင်းကတော့ တည်ငြိမ်နေပြီ၊ ပြန်လည်ထူထောင်ပြီးပြီဆိုရင်တော့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍက မပါလို့မရတော့ဘူး။ ရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍက ရခိုင်ပြည်နယ်ရဲ့ အနာဂတ်အတွက် တော်တော် အရေးကြီးပါတယ်။ ရခိုင်ပြည်နယ်အစိုးရက လုပ်ဆောင်နေတဲ့ စီမံကိန်းတွေ အများကြီးရှိပါတယ်။ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ဖို့ ဆက်ပြီးအကောင်အထည်ဖော်ဖို့ စီမံကိန်းတွေရှိပါတယ်။ အဲဒီစီမံကိန်းတွေကို အစိုးရတစ်ခုတည်း မလုပ်နိုင်ဘူး။ ဒါကြောင့် စီမံကိန်းတွေမှာ ပုဂ္ဂလိကရဲ့ ရင်းနှီးမြှုပ်နှံမှုတွေထည့်မှ ပိုပြီးအရှိန်အဟုန်မြန်လာမယ်။ ရခိုင်ပြည်နယ်ကို ခြုံပြီးပြောရရင် တည်ငြိမ်မှုအတိုင်းအတာတစ်ခုတော့ ရနေပြီ။ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ အခုလည်း စနေပါပြီ။ ဖွံ့ဖြိုးတိုးတက်မှုခြေလှမ်းစနေပြီလို့ သုံးသပ်ပါတယ်။ ဒါကြောင့် ပြည်နယ်တွေရဲ့ လက်ရှိ အနေအထားက အကောင်းဘက်ကို တစ်စတစ်စ ချဉ်းကပ်လာပြီလို့ သုံးသပ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုတွေ မကြာခင် ဆက်လက်ဖြစ်ပေါ်လာမယ်လို့မြင်ပါတယ်။

**မေး။ ။ ဖြည့်စွက်ပြောချင်တာများ ရှိပါသလား။**

ဖြေ။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ လုပ်ဆောင်ချက်တွေကို အများပြည်သူသိနိုင်ဖို့ အချိန်နဲ့တစ်ပြေးညီ ဝက်ဘ်ဆိုက်က ထုတ်ပြန်ပေးတယ်။ သတင်းမီဒီယာတွေနဲ့ တွေ့ပြီး ရှင်းလင်းပြောကြားပေးတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေ အခက်အခဲတွေ ဖြစ်လာရင်လည်း လိုအပ်တာတွေကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးတယ်။ MIC ကို မိမိတို့ရဲ့ စီးပွားရေးအတွက် အသုံးပြုပါ။ တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာ ရုံးတွေ ဖွင့်ထားပြီးဖြစ်တဲ့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာရှိတဲ့ လုပ်ငန်းရှင်တွေက အဲဒီရုံးတွေကို အချိန်မရွေးသွားပြီး စီးပွားရေးလုပ်ငန်းတွေ ထူထောင်ဖို့၊ ချဲ့ထွင်ဖို့ အခက်အခဲတွေကို လိုအပ်သလို ကူညီပေးဖို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါတယ်လို့ အသိပေးပြောကြားလိုပါတယ်။

ကမ္ဘာ့ဘဏ်အုပ်စုမှ Star Reformers Award, Strong Reformers Award နှင့် Aspiring Reformers Award စသည့် ဆု အမျိုးအစားသုံးမျိုး ချီးမြှင့်ခြင်းဖြစ်ပြီး Star Reformers Award သည် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို သိသာထင်ရှားဆုံး ပြုလုပ်နိုင်သည့် နိုင်ငံများကို ချီးမြှင့်သည့် အမြင့်ဆုံးဆု အမျိုးအစားဖြစ်ပြီး ယခု ၂၀၁၇ ခုနှစ်တွင် Star Reformers Award ကို မြန်မာနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့က ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ။

**သတင်းနှင့်ဓာတ်ပုံ-ရီရီမြင့်၊ ဉမ္မာသန့်**

# ခေတ်စားလာသော ခရီးသွား အလေ့အထနှင့် ဖွံ့ဖြိုးလာမည့် ပြည်တွင်း ခရီးသွားကဏ္ဍ

**ဆုနှင်းလဲ့**

မြန်မာနိုင်ငံအတွင်း ခရီးသွားခြင်းအလေ့အထများ ခေတ်စားလာလျက်ရှိပြီး နေ့ချင်းပြန် ရက်တိုခရီးမှသည် ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များ ဆက်တိုက်ရှိလာခြင်းနှင့် အတူ ရက်ရှည်ခရီးသွားလာသူ များပြားလာသည်။ ယခင်က ပိတ်ရက်ရှည်ရှိသော သင်္ကြန်ကာလတွင်သာ ခရီးဝေးရက်ရှည်သွားလာခြင်းများရှိသော်လည်း ယခုနှစ်အတွင်း ပြည်တွင်းခရီးသွားကဏ္ဍတွင် ခရီးသွားခြင်း အလေ့အထများလည်း ပိုမိုခေတ်စားလာခဲ့သည်။ ခရီးစဉ်ဒေသအသစ်တစ်ခု ပေါ်ပေါက်ပြီဆိုလျှင် ရောက်ဖူးပြီးမှ ခေတ်မီသည်ဟုပင် ပြောစမှတ်ဖြစ်လာခဲ့သည်။

ယခုနှစ် သီတင်းကျွတ်ကာလ တရားဝင်ရုံးပိတ်ရက် ငါးရက်ရှိခဲ့သည့်နည်းတူ ပြည်တွင်းခရီးသွား စံချိန်တင်သည်အထိ များပြားခဲ့ပြီး ရန်ကုန်မြို့အထွက် ရန်ကုန်-မန္တလေး အမြန်လမ်းတိုးဂိတ်တွင် ခရီးသွားယာဉ်တန်းများ အချိန်ကြာမြင့်စွာ ပိတ်ဆို့ရပ်တန့်စောင့်ဆိုင်းခဲ့ရသည် အထိပင် ဖြစ်ခဲ့သည်။ ယင်းပိတ်ရက်အတွင်း ပုဂံ-ညောင်ဦး၊ ပုပ္ပား၊ မန္တလေး၊ ပြင်ဦးလွင်၊ တောင်ကြီး၊ အင်းလေး၊ ကျိုက်ထီးရိုး စသည့် ဘုရားဖူးခရီးစဉ်များတွင် ပြည်တွင်းဘုရားဖူးများ စံချိန်တင်သည်အထိ များပြားခဲ့ပြီး အပန်းဖြေကမ်းခြေခရီးစဉ်များတွင်လည်း ဟိုတယ်အခန်းများ အပြည့်ပင်ဖြစ်ခဲ့သည်။

ယခုလည်း လာမည့် နိုဝင်ဘာ၊ ဒီဇင်ဘာနှင့် ဇန်နဝါရီလအတွင်း ပိတ်ရက်များ ဆက်တိုက်ဆိုသလို ရှိနေရာ ၂၀၁၇ ခုနှစ်သည် ခရီးသွားနှစ်အဖြစ် သတ်မှတ်ရမည်အထိ အလားအလာ အလွန်ကောင်းလျက်ရှိနေသည်။ ဘုရားဖူးခရီးစဉ်များသာမက အပန်းဖြေခရီးစဉ်များတွင် ကြိုတင်ဘိုကင်များဖြင့် ပြည့်နှက်နေပြီး အပြိုင်အဆိုင် ဝန်ဆောင်မှုများ၊ ဆွဲဆောင်မှုများဖြင့် အရှိန်အဟုန်ကောင်းကောင်း ခရီးနှင်လျက်ရှိသော်လည်း ဟိုတယ်နှင့် တည်းခိုခန်းများ၏ ဈေးနှုန်းများမှာ ခရီးသွား မြင့်တက်များပြားလာမှုနှင့်အတူ ဈေးနှုန်းတိုးယူမှုများလည်းရှိလာကြောင်း ပြည်တွင်းခရီးသွားများထံမှ သိရသည်။

"ခရီးသွားလုပ်ငန်းတွေအနေနဲ့ကတော့ ဟိုတယ်တွေ၊ တည်းခိုခန်းတွေနဲ့ စာချုပ်ချုပ်ထားတော့ ဈေးသိပ်အပြောင်းအလဲမရှိဘူး။ မိုးရာသီ ပရိုမိုးရှင်းပေးရင် ဈေးတစ်မျိုး၊ ခရီးသွားရာသီ ဈေးတစ်မျိုး၊ သင်္ကြန်လို ကာလမျိုးဆိုရင် ဈေးတစ်မျိုးပေါ့။ ကမ်းခြေဟိုတယ်တွေလည်း ဒီအတိုင်းပဲ။ စာချုပ် ကြိုချုပ်ထားတော့ ခရီးသွားလုပ်ငန်းနဲ့သွားတဲ့သူတွေက ခရီးသွားလုပ်ငန်းတွေ အပြိုင်အဆိုင်ဝန်ဆောင်မှုပေးတဲ့ ဈေးတွေနဲ့ ပဲပေါ့။ အခုက ကိုယ်ပိုင်ကားငယ်လေးတွေ ကိုယ့်ကားနဲ့ကိုယ် ခရီးသွားတဲ့ အလေ့အထများလာတယ်။ အဲလို ကိုယ့်အစီအစဉ်နဲ့ကိုယ် သွားတဲ့သူတွေအနေနဲ့ကတော့ ကြိုတင်ဘိုကင် လုပ်ပေမယ့်လည်း ခုနကလိုမျိုး ခရီးသွားရာသီ ဧည့်သည်များရင် ဟိုတယ်တွေက ဈေးတက်သွားရော။ ပြီးခဲ့တဲ့ သီတင်းကျွတ်တုန်းကဆို ပုဂံမှာ သာမန်သုံးသောင်းကျပ်လောက်ပဲရှိတဲ့ ဟိုတယ်တွေ ရှစ်သောင်း၊ တစ်သိန်းပေးမယ်ဆိုတာတောင် အခန်းမရတော့တဲ့အထိ ခရီးသွားများတယ်" ဟု ခရီးသွား ဝန်ဆောင်မှုလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ယခုနှစ်တွင် ပြည်တွင်းခရီးသွားကဏ္ဍသည် စံချိန်တင်သည်အထိ တိုးတက်များပြားလာခဲ့ပြီး ရေရှည်ကောင်းမွန်သော ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝန်ဆောင်မှုပိုင်းဆိုင်ရာ ကောင်းမွန်ရေး၊ ခရီးသွားအခြေခံအဆောက်အအုံများ ကောင်းမွန်ရေးတို့ကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်သည်။ ခရီးသွားခြင်းအလေ့အထ များပြားလာပြီး ခရီးသွားဦးရေ တိုးတက်များပြားလာသည်နှင့်အမျှ ဖြစ်ပေါ်လာနိုင်သည့် ကောင်းကျိုး၊ ဆိုးကျိုးများအပေါ် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးမှုများ အလေးထားဆောင်ရွက်သွားသင့်ကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက သုံးသပ်သည်။



ဂေါ်ရင်ဂျီကျွန်းကို တွေ့ရစဉ်။

မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍတွင် ပြည်ပမှ ဧည့်သည်ဝင်ရောက်မှုမှာ ယခင်နှစ်ထက် ၂၀ ရာခိုင်နှုန်းခန့် တိုးတက်လာသည်ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ စာရင်းများအရ သိရသည်။ ယခု ပွင့်လင်းရာသီ ခရီးသွားရာသီချိန်ဖြစ်သည်နှင့်အညီ ပြည်ပခရီးသွားဧည့်သည် တိုးတက်မြင့်မားလာမည်ဟု မျှော်လင့်ထားကြသည်။ သို့သော် လက်ရှိကြုံတွေ့နေရသော ရခိုင်ဒေသဖြစ်စဉ်အပေါ် ပြည်ပမီဒီယာအချို့၏ တစ်ဖက်သတ်တင်ပြမှုများကြောင့် နိုင်ငံတကာခရီးသွားဧည့်သည်အချို့မှာ မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးစဉ်အချို့ကို ဖျက်သိမ်းမှုများရှိခဲ့ပြီး ပုံရိပ်ကောင်းရရှိရန် ကြိုးစားအားယူနေသည့် မြန်မာ့ခရီးသွားကဏ္ဍ အတွက် အလားအလာကောင်းများ အားလျော့ရကြောင်း ခရီးသွားလုပ်ငန်းရှင်များက ပြောသည်။ သို့သော် ပြည်တွင်းခရီးသွားကဏ္ဍတွင် အရှိန်အဟုန်ကောင်းဖြင့် တိုးတက်မှုများရှိလာရာ ပြည်တွင်းခရီးသွားကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ကောင်းမွန်ရေးနှင့် မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍ ပုံရိပ်ကောင်းကို ရယူနိုင်ရေး ကြိုးစားဆောင်ရွက်သွားရမည်ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသက်လွင်တိုးက ပြောသည်။

"ပြည်တွင်း ဘုရားဖူးနဲ့ အပန်းဖြေခရီးသွားအဖွဲ့တွေဆီက စာရင်းဇယားတွေအရ ပြည်တွင်း ခရီးသွားပမာဏဟာ ခုနစ်သန်းလောက်ရှိတယ်။ ပြည်ပကလာတာက သုံးသန်းဝန်းကျင်ပဲ ရှိတယ်။ ပြည်တွင်းကနေ ပြည်ပကိုသွားတာကလည်း လေး၊ ငါးသိန်း လောက်ပဲရှိတယ်။ ဒါတောင် ပြည်တွင်းခရီးသွားပမာဏက ကိုယ်ပိုင်ယာဉ်တွေနဲ့ သွားတာတွေလည်း များလာတဲ့အတွက် အဲဒီပမာဏတွေမပါသေးဘူး။ ဒါပေမယ့် အမှိုက်ပစ်တာ၊ ကွမ်းတံတွေး ထွေးတာ၊ ဘုရားတွေ၊ ရှေးဟောင်းအမွေအနှစ်တွေမှာ စာတွေလျှောက်ရေးတာတွေ၊ စည်းကမ်းပိုင်း မလိုက်နာတာတွေမှာလည်း ပြည်တွင်းခရီးသွားတွေလုပ်တာများနေတယ်။ ဒါတွေကို ပညာပေးဆောင်ရွက်သွားဖို့လည်း လုပ်နေပါတယ်။ ဘုရားဖူးအဖွဲ့တွေ ခရီးသွားအဖွဲ့ခေါင်းဆောင်တွေကို အသိပညာ ပေးတာမျိုး၊ ဟိုတယ်ပိုင်းတွေကို လက်ဆင့်ကမ်းအသိပညာပေးတာတွေ နယ်လှည့်ဟောပြောပွဲတွေ လုပ်နေပါတယ်။ အစိုးရ၊ ပုဂ္ဂလိကနဲ့ အများပြည်သူတို့ ဟန်ချက်ညီညီ ပူးပေါင်း ဆောင်ရွက်ရမယ့်ဟာတွေပါ။ ယာဉ်ကြောပိတ်ဆို့တာမျိုးတွေဆို အစိုးရအနေနဲ့ အသွားအလာနဲ့ ပတ်သက်တဲ့ သတင်းတွေပေးတာမျိုး သက်ဆိုင်ရာ ဒေသအာဏာပိုင်တွေကနေ လုပ်ပေးသွားသင့်တယ်။ ပြီးတော့ အပန်းဖြေရေးယာတွေ ပိုလုပ်ဖို့ စားသောက်ဆိုင်၊ သန့်စင်ခန်းတွေ ဝန်ဆောင်မှုကောင်းပြီး သန့်ရှင်းသပ်ရပ်မှုရှိလာဖို့ကိုလည်း လုပ်လာသင့်တယ်။ စည်းကမ်းပိုင်းနဲ့ ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံသားတွေရဲ့ စည်းကမ်းပိုင်းနဲ့ ပုံရိပ်ကောင်းကိုပြဖို့ လုပ်သွားရမယ်"ဟု ၎င်းက သုံးသပ်သည်။

ခရီးသွားကဏ္ဍသည် ကြီးမားသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပြီး ကမ္ဘာပေါ်တွင် တတိယအကြီးဆုံး စီးပွားရေးကဏ္ဍတစ်ခုဖြစ်ကာ မီးခိုးမထွက်သော စက်မှုလုပ်ငန်းဟုပင် တင်စားခေါ်ဝေါ်ကြသည်။ သို့ရာတွင် ခရီးသွားကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ကောင်းမွန်ရန်မှာ နိုင်ငံရေးတည်ငြိမ်ကောင်းမွန်ရန် လိုအပ်ပြီး တည်ငြိမ်သော မူဝါဒများဖြင့် ရေရှည်အကျိုးကို မျှော်ကိုးကာ ကြိုးစားဆောင်ရွက်ရမည်ပင်ဖြစ်သည်။ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံအနေဖြင့် ထိလွယ်ရှလွယ်သည့် ခရီးသွားကဏ္ဍပုံရိပ် မထိခိုက်စေရန်၊ နိုင်ငံ၏ အမည်ကောင်း၊ ပုံရိပ်ကောင်းကိုရရှိရန် အရှိန်အဟုန်ဖြင့် ကြိုးစားရမည်ဖြစ်သည့်အပြင် ပြည်တွင်းခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့်လည်း ခရီးသွားဆွဲဆောင်ရာဒေသအသီးသီးတွင် အလုပ်အကိုင်အခွင့်အလမ်းများ၊ ဝင်ငွေများတိုးတက်ရရှိစေမည်ဖြစ်ပြီး အလုပ်လက်မဲ့လျော့နည်းခြင်း၊ ပြည်ပသို့ထွက်ခွာ အလုပ်လုပ်ကိုင်ရမှုများမှတစ်ဆင့် လူကုန်ကူးခံနေရမှုများလည်း လျော့နည်းလာမည်ဟု ခရီးသွားကဏ္ဍတွင် ပါဝင်လုပ်ကိုင်နေသူများက သုံးသပ်သည်။

"ရန်ကုန်က စီးပွားရေးမြို့ဆိုတော့ တိုက်တွေ၊ ကားတွေနဲ့ မွန်းကျပ်လွန်းတယ်။ တစ်ရက်လောက် ပိတ်ရက်ရရင်ကို နီးနီးနားနား နေ့ချင်းပြန် ခရီးလေးတစ်ခုလောက်ထွက်တာက အလေ့အထလေး ဖြစ်လာတယ်။ မရောက်ဖူးသေးတဲ့ နေရာသစ်လေးတွေကိုသွားပြီး အပန်းဖြေကြတာပေါ့။ ဒါမျိုးတွေ များများလုပ်ပေးရမယ်။ ပြည်တွင်းမှာ အေးချမ်းတည်ငြိမ်ပြီး စီးပွားရေးကောင်းဖို့လိုတယ်။ ငွေရှိမှလည်း ခရီးထွက်နိုင်မှာလေ။ နောက်ပြီး ဟိုတယ်တွေ၊ တည်းခိုခန်းတွေက ထိုင်းတို့၊ ဗီယက်နမ်တို့မှာထက် ဈေးကြီးနေတယ်။ ကားခတွေ၊ လေယာဉ်ခတွေ၊ ဆီဈေးတွေ ဈေးကြီးနေတယ်။ ဒါတွေကိုသာ အစိုးရပိုင်းက ဖြေလျှော့ပေးရင် ပြည်တွင်းခရီးသွားက ပိုများလာဖို့ပဲရှိတယ်။ နိုင်ငံခြားကလည်း ထိုင်း၊ ဗီယက်နမ်ထက် မြန်မာဘက်ကို ပိုလာနိုင်တယ်။ ပြည်တွင်းမှာ သူတို့နိုင်ငံထက် အရမ်းလှတဲ့ ခရီးသွားဒေသတွေ အများကြီးရှိနေတယ်"ဟု Tour Leader တစ်ဦးဖြစ်သူ ကိုဖြိုးလှိုင်က ပြောသည်။

ယခုနှစ် သီတင်းကျွတ်ကာလ ပိတ်ရက် ငါးရက်အပြီးတွင် တန်ဆောင်တိုင် ပိတ်ရက် နိုဝင်ဘာ ၂ ရက်မှ ၅ ရက်အထိ(ကြာသပတေးနေ့မှ တနင်္ဂနွေနေ့အထိ) ပိတ်ရက်လေးရက်၊ နိုဝင်ဘာ ၁၃ ရက်(အမျိုးသားနေ့၊ တနင်္လာနေ့) ပိတ်ရက် သုံးရက်၊ ဒီဇင်ဘာ ၁၈ ရက်(ကရင်နှစ်သစ်ကူးနေ့၊ တနင်္လာနေ့) ပိတ်ရက် သုံးရက်၊ ဒီဇင်ဘာ ၂၅ ရက်(ခရစ်စမတ်နေ့၊ တနင်္လာနေ့) ပိတ်ရက် သုံးရက်၊ ဒီဇင်ဘာ ၃၀ ရက်မှ ဇန်နဝါရီ ၁ ရက်အထိ(နှစ်သစ်ကူးရုံးပိတ်ရက်၊ စနေ တနင်္ဂနွေနေ့နှင့် အတူ) ပိတ်ရက် သုံးရက်၊ ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့၊ တနင်္လာနေ့) ပိတ်ရက် သုံးရက်၊ မတ် ၁ ရက်နှင့် ၂ ရက်(တပေါင်းလပြည့်နေ့၊ တောင်သူလယ်သမားနေ့နှင့် စနေ၊ တနင်္ဂနွေနေ့တို့နှင့်အတူ) ပိတ်ရက် လေးရက်တို့ ရှိနေသည့်အတွက် ခရီးသွားမည့်သူများအနေဖြင့် ကြိုတင်စီစဉ်မှုများ၊ ကြိုတင်ဘိုကင်များ ပြုလုပ်ကာ ၂၀၁၇ ခုနှစ် မြန်မာ့ခရီးသွားနှစ်ကို ပုံဖော်ရန် ပြင်ဆင်လျက်ရှိကြသည်။ ပြည်တွင်းခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍပုံရိပ်ကောင်းနှင့် အမည်ကောင်းကို မြှင့်တင်ဆောင်ရွက်နိုင်ရန်လည်း လိုအပ်မည်ဖြစ်သည်။ ။

# မြန်မာနိုင်ငံတွင် တောဆင်ရိုင်းများ တစ်ပတ်လျှင် တစ်ကောင်နှုန်း သတ်ဖြတ်ခံနေရပြီး နှစ်အနည်းငယ်အတွင်း ပျောက်ကွယ်သွားနိုင်

**ရန်ကုန် နိုဝင်ဘာ ၂**

မြန်မာနိုင်ငံတွင် တောဆင်ရိုင်းများ တစ်ပတ်လျှင် တစ်ကောင်နှုန်း သတ်ဖြတ်ခံနေရပြီး နှစ်အနည်းငယ်အတွင်း တောဆင်ရိုင်းများ ပျောက်ကွယ်သွားနိုင်ကြောင်း နိုဝင်ဘာ ၁ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဘိုကလေးဈေးအနီး ပန်သူရိယ အနုပညာဆုံမှတ်တွင် ပြုလုပ်သည့် တောဆင်ရိုင်းများ သတ်ဖြတ်အရေခွံခွာယူခံနေရသည့် အရေးကိစ္စကိုတုံ့ပြန်ရန် VOICES FOR MOMOS ပူးပေါင်းလုပ်ဆောင်မှု စတင်ဖော်ဆောင်ခြင်း စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

မြန်မာနိုင်ငံတွင် တောဆင်ရိုင်းအရေအတွက် လျင်မြန်စွာ လျော့နည်းလာသည့် အခြေအနေကို ကာကွယ်တားဆီးတုံ့ပြန်နိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသည့် အဖွဲ့အစည်း ခြောက်ခုမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ မြန်မာ့ဆင်ထိန်းသိမ်းရေးလုပ်ငန်းအစီအစဉ်(MECAP)ကို အထောက်အကူဖြစ်စေရန် နယ်ပယ်အသီးသီးမှ ပါဝင်လုပ်ဆောင်နိုင်သည့် VOICE FOR MOMOS (မြန်မာ့ဆင်များအတွက် ရင်တွင်းစကားသံ)လှုပ်ရှားမှုကို စတင်လိုက်ခြင်းဖြစ်သည်။

VOICE FOR MOMOS လှုပ်ရှားမှုကို ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအသင်း(BANCA)၊ နိုင်ငံတကာ တောရိုင်းတိရစ္ဆာန်နှင့် အပင်ထိန်းသိမ်းရေးအဖွဲ့(FFI)၊ မြန်မာ့တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးမိတ်ဆွေများအသင်း(FoW)၊ Grow Back for Posterity (GBP)၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)၊ ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ရန်ပုံငွေအဖွဲ့(WWF) တို့ဖြင့် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံရှိ တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင်ကုန်သွယ်နေသည့် လုပ်ငန်းများကို ပပျောက်သွားစေရန် လူတစ်ဦးတစ်ယောက်အားဖြင့်သော်လည်းကောင်း၊ အသင်းအဖွဲ့အားဖြင့်သော်လည်းကောင်း ပါဝင်လုပ်ဆောင်နိုင်သည့် ပြည်သူလူထုကို အသိပညာပေးလှုပ်ရှားမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း VOICE FOR MOMOS လှုပ်ရှားမှုအဖွဲ့မှ သိရသည်။

"အခုအချိန်မှာ အလေးထားမလုပ်ဆောင်နိုင်ရင် မြန်မာ့တောဆင်ရိုင်းတွေ လုံးဝပျောက်ကွယ်သွားတော့မှာပါ၊ မြန်မာနိုင်ငံအတွင်း ကဏ္ဍပေါင်းစုံမှာရှိတဲ့ အဖွဲ့အစည်းအသီးသီးနဲ့ လူတစ်ယောက်ချင်းကို VOICE FOR MOMOS မှာ ပါဝင်ပေးကြဖို့နဲ့ တောဆင်ရိုင်းတွေရဲ့အသံ သစ်တောတွေထဲမှာ ထာဝရဆိတ်သုဉ်းမသွားခင် သူတို့ရဲ့ကိုယ်စား စကားတွေပြောပေးကြဖို့ ဖိတ်ခေါ်ချင်ပါတယ်"ဟု နိုင်ငံတကာ တောရိုင်းတိရစ္ဆာန်နှင့် အပင်ထိန်းသိမ်းရေးအဖွဲ့(FFI)မြန်မာမှ တနင်္သာရီဒေသထိန်းသိမ်းရေးအစီအစဉ် ညှိနှိုင်းရေးမှူး ဦးနေမျိုးရွှေက ပြောသည်။

ဈေးကွက်တွင် ဆင်၏အရေပြားအပါအဝင် ဆင်ခန္ဓာကိုယ်အစိတ်အပိုင်းများသည် ဝယ်လိုအားမြင့်မားနေခြင်းကြောင့် မြန်မာနိုင်ငံသည် ဆင်များကို အမဲလိုက်သတ်ဖြတ်ရာ အဓိကနေရာ တစ်နေရာဖြစ်လာနေပြီး ဆင်သားရေများ၊ အစွယ်များနှင့် အခြားခန္ဓာကိုယ်အစိတ်အပိုင်းများကို ပြည်တွင်း၊ ပြည်ပသို့ တင်ပို့ရောင်းချနေသည်။ ဆင်သားရေများကို တရားမဝင်ကုန်သွယ်နေခဲ့ကြသည်မှာ ကြာပြီဖြစ်သော်လည်း ယခုနှစ်ပိုင်းတွင် များစွာမြင့်တက်လာနေသလို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ တရားဝင် ကိန်းဂဏန်းများအရ မြန်မာနိုင်ငံ



တွင် ၂၀၁၆ ခုနှစ်အတွင်း တောဆင်ရိုင်းကောင်ရေ ၁၈ ကောင်အထိ သတ်ဖြတ်ခံခဲ့ရသည်။ ယခုနှစ် ဩဂုတ်လအထိ ဒေသတွင်းလုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်းများ တွက်ချက်ထားသည့်စာရင်းအရ သတ်ဖြတ်အရေခွံဆုတ်ခွာခံခဲ့ရသည့် တောဆင်ရိုင်းအရေအတွက်သည် အနည်းဆုံး ၃၀ ရှိပြီး သီတင်းတစ်ပတ်လျှင် တစ်ကောင်နှုန်း သတ်ဖြတ်ခံနေရကာ မြန်မာနိုင်ငံတွင် တောဆင်ရိုင်းကောင်ရေ ၁၄၀၀ နှင့် ၂၀၀၀ ကြားတွင်သာ ကျန်ရှိတော့သည်ဟု တရားဝင်ခန့်မှန်းထားသော်လည်း ယင်းပမာဏအောက် များစွာလျော့နည်းနေနိုင်ကြောင်း VOICE FOR MOMOS လှုပ်ရှားမှုအဖွဲ့မှ သိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိ သစ်တောဦးစီးဌာနမှ ဦးဆောင်၍ မြန်မာနိုင်ငံတွင် လုပ်သားဆင်အများအပြား ပိုင်ဆိုင်ထားသော အကြီးဆုံးအဖွဲ့အစည်းတစ်ခုဖြစ်သည့် မြန်မာ့သစ်လုပ်ငန်းအပါအဝင်အစိုးရဌာန ရှစ်ခုနှင့် အေဂျင်စီများပူးပေါင်းပြီး မြန်မာ့ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။ **သတင်း-မင်းသစ်(MNA)**

**ဓာတ်ပုံ-ကျော်ဇေယျ**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘင်္ဂလားဒေ့ရှ်မှ ပြန်လည်ဝင်ရောက်လာသူများ ယာယီလက်ခံမည့်နေရာအား ကြည့်ရှုစစ်ဆေးစဉ်။

**✱ ရွှေဖုံးမှ**

ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ မြန်မာအမျိုးသားလေကြောင်းလိုင်း အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြပြီး ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိကြရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် စစ်တွေလေဆိပ်ခန်းမ၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေး လုပ်ငန်းအဖွဲ့ (YHCG) နှင့် တွေ့ဆုံသည်။ တွေ့ဆုံပွဲတွင် လူငယ်များက အကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ လူငယ်အဖွဲ့တွင် လူမျိုးစုံ၊ ဘာသာစုံဖြင့် ဖွဲ့စည်းထားရှိမှု၊ တွေ့ကြုံနိုင်သည့် အခက်အခဲများ၊ ဒေသခံများအတွက် အကူအညီပေးရန် အခြေခံလိုအပ်မှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က သိရှိလိုသည်များကို အသေးစိတ်မေးမြန်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများသည် တစ်နေရာတည်းတွင် တစ်ခဏတာလုပ်ရမည့် အလုပ်မဟုတ်ဘဲ ရေရှည်စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဒေသခံများပါဝင်ရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းများပိုမိုကောင်းမွန်လာအောင် မည်သို့ဆောင်ရွက်ရမည်ကို စဉ်းစားတီထွင်ကြံဆ ဆောင်ရွက်ရန်လိုကြောင်း၊ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ရာတွင် လိုအပ်သည့်နေရာများသို့ အမှန်တကယ် ရောက်ရှိရန်လိုအပ်ကြောင်း၊ ထို့ပြင် ထောက်ပံ့ရေးပစ္စည်း လိုအပ်ချက်များကိုပါ သိရှိရန်လိုအပ်ပါကြောင်း၊ ထိုသို့မဟုတ်ပါက ထောက်ပံ့မှုများသည် အဟောသိကံဖြစ်သွားနိုင်ပါကြောင်း၊ ထို့ပြင် မကျေနပ်မှုများဖြစ်လာနိုင်ပါကြောင်း၊ ငွေနှင့်ပစ္စည်းများ ထောက်ပံ့ပေးအပ်ရာတွင် ရရှိမှုများအတွက် နားလည်မှုမလွဲစေရန် လိုအပ်ပါကြောင်း၊ ပစ္စည်း၊ ငွေကြေးထောက်ပံ့ရာတွင် စာရင်းဇယား စနစ်တကျဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း၊ ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုများလည်းပေးရန် လိုအပ်ပါကြောင်း၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို အတတ်နိုင်ဆုံးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပန်းတောပြင်ကျေးရွာ နေထိုင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးလူငယ်အဖွဲ့ (YHCG)နှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်သည်။ ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ဝန်ကြီးချုပ် ဦးညီပုနှင့်အတူ စစ်တွေမြို့မှ မောင်တောမြို့ ဝေသာလီကျေးရွာသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ပန်းတောပြင်ကျေးရွာသို့ ရောက်ရှိကြရာ မောင်တောဒေသ တည်ဆောက်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီရန် ရောက်ရှိနေသည့် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပန်းတောပြင်ကျေးရွာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပန်းတောပြင်ကျေးရွာ၌ နေထိုင်သူများအားတွေ့ဆုံပြီး ပန်းတောပြင်ကျေးရွာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုမှာ ဒေသနေထိုင်သူများ အေးအေးချမ်းချမ်း နေထိုင်နိုင်ရန်ဖြစ်သည့်အတွက် ဝိုင်းဝန်းကြိုးစားကြရန်လိုကြောင်း၊ ကလေးများအား ပညာကောင်းမွန်စွာ သင်ကြားပေးလိုကြောင်း၊ ပညာဆိုသည်မှာ တက္ကသိုလ်က ဘွဲ့လက်မှတ်ရမှ ပညာတတ်မဟုတ်ပါကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များလည်း သင်ကြားပေးချင်ပါကြောင်း၊ ယခုဒေသသည် ရေမြေအနေအထားကောင်းမွန်သည့်အတွက် စပါးသာမက အခြားသီးနှံများလည်း စိုက်ပျိုးကြရန်လိုကြောင်း၊ ပညာသင်ကြားရာတွင် ဘာသာစကား တတ်မြောက်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်တိုးတက်အောင် အားလုံးက ဝိုင်းဝန်းဆောင်ရွက်လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း၊ မောင်တောဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များကလည်း ဝိုင်းဝန်းဆောင်ရွက်နေပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မောင်တောမြို့ အမှတ် ၁ ဝင်၊ ထွက်စခန်း ဝင်၊ ထွက်ဂိတ်အားကြည့်ရှုသည်။ ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် မောင်တောမြို့ ခံုတိုင်(မြို့) ရွာသစ်တည်ဆောက်မည့်နေရာသို့ရောက်ရှိရာ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်မောင်ထွန်းက ခံုတိုင်(မြို့)ရွာသစ်မြေကွက်နေရာချထားမှု၊ ဆေးပေးခန်း၊ လမ်း၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းနှင့် ရေတွင်းတည်ဆောက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကလေးများ စာသင်မပျက် ကျောင်းတက်နိုင်ရေးနှင့် ဒေသခံတိုင်းရင်းသားများ၏ တင်ပြချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး မြို့တိုင်းရင်းသားများအား

**စာမျက်နှာ ၉ သို့**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှတ် ၁ နယ်ခြားစောင့်တပ်ဖွဲ့ခွဲမှ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စစ်တွေလေဆိပ်ခန်းမ၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးလူငယ်အဖွဲ့(YHCG)နှင့် တွေ့ဆုံစဉ်။

■ စာမျက်နှာ ၈ မှ

ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဒေသခံပြည်သူများအား ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စုစည်းညီညွတ်အေးချမ်းစွာနေထိုင်နိုင်ရေး၊ လူမျိုးစုများ၏ သမိုင်း၊ အစဉ်အလာ၊ ယဉ်ကျေးမှုများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးကို ဒေသခံပြည်သူများနှင့်အတူ နိုင်ငံတော်အစိုးရကပါ ဝိုင်းဝန်းပါဝင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် တောင်ပြိုလက်ဝဲမြို့သို့ရောက်ရှိပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံချစ်ကြည်ရေးတံတားကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့် ချစ်ကြည်ရေးတံတားပေါ်၌လည်းကောင်း၊ အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ မိသားစုဝင်များနှင့် နယ်စပ်ကျောက်တိုင်၌လည်းကောင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် တောင်ပြိုလက်ဝဲမြို့ရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအား ယာယီလက်ခံမည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ဝင်ရောက်လာသူများအား အမြန်ဆုံးနေရပ်သို့ ပို့ဆောင်ရေးဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် မောင်တောမြို့ ကျီးကန်းပြင်သို့ရောက်ရှိပြီး အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ဌာနချုပ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ကျီးကန်းပြင်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ရခိုင်တိုင်းရင်းသား ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများအားတွေ့ဆုံ၍ ၎င်းတို့၏ လိုအပ်ချက်၊ အခက်အခဲများကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရဲတပ်ဖွဲ့ဝင်များ၏အဓိကတာဝန်မှာ မိမိတာဝန်ထမ်းဆောင်ရသော ရပ်ရွာအေးချမ်းလုံခြုံစေရေးဖြစ်သည်သာမက ရဲတပ်ဖွဲ့ဝင်များအတွက် တန်ဖိုးအကြီးမားဆုံးအချက်မှာ ပြည်သူလူထု၏ ယုံကြည်မှုရရှိခြင်းပင်ဖြစ်ကြောင်း၊ မောင်တောဒေသရှိ ရဲတပ်ဖွဲ့ဝင်များသည် အလွန်ခက်ခဲသော အခြေအနေများ၌ပင် တာဝန်ကျေပွန်စွာထမ်းဆောင်နိုင်ရေးကြိုးပမ်းနေသည်ကို မြင်တွေ့ကြားသိရ၍ များစွာဂုဏ်ယူပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ စစ်တွေမြို့သို့ရောက်ရှိကြပြီး စစ်တွေလေဆိပ်ခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများအားတွေ့ဆုံပြီး ရခိုင်ပြည်နယ်အရေးကိုဖြေရှင်းရာတွင် သံတမန်ရေးရာနည်းလမ်း၊ ဖွံ့ဖြိုးမှုတည်ဆောက်ရေးနည်းလမ်း၊ လုံခြုံရေးနည်းလမ်း စသည့် နည်းလမ်းသုံးမျိုးဖြင့် ဆောင်ရွက်သွားရေး၊ နယ်စပ်ခြံစည်းရိုး တောင့်တင်းခိုင်မာလုံခြုံရေး၊ ပြန်လည်ဝင်ရောက်လာမည့်သူများအား စနစ်တကျ လက်ခံရေး၊ ရိတ်သိမ်းရန်လိုအပ်နေသည့် စပါးများအား အမြန်ရိတ်သိမ်းနိုင်ရေးတို့ကို ဆွေးနွေးမှာကြားသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ဝင်များ မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံချစ်ကြည်ရေးတံတားတွင် မှတ်တမ်းဓာတ်ပုံရိုက်ကြစဉ်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် စစ်တွေမြို့မှ မြန်မာအမျိုးသားလေကြောင်းလိုင်း အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) အနေဖြင့် ဦးစားပေးလုပ်ငန်းစဉ် သုံးရပ်ချမှတ်ထားပြီး ရေတိုကာလအလေးပေးဆောင်ရွက်ရမည့်လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် လုပ်ငန်းစဉ်များ ထိရောက်အောင်မြင်ရေးအတွက် အရှိန်အဟုန်မြှင့်တင်နိုင်ရန်၊ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရန် ပြည်ထောင်စုဝန်ကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ မြေပြင်အခြေအနေကို သွားရောက်ကြည့်ရှုခြင်းဖြစ်သည်။

**သတင်းစဉ်**





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခုံတိုင်(မြို့) ရွာ၌ မြို့တိုင်းရင်းသားများ (ဝဲပုံ) နှင့် အမှတ် (၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ ဌာနချုပ်၌ ရဲတပ်ဖွဲ့ဝင်မိသားစုများ (ယာပုံ) အား ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။

## ရခိုင်ပြည်နယ်သတင်း

# အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် မြေပုံ ဓာတ်အားခွဲရုံနှင့် ပေါက်တော ဓာတ်အားခွဲရုံ ဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂**

ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားတိုးမြှင့် ဖြန့်ဖြူးနိုင်ရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက တည်ဆောက်ပြီးစီးခဲ့သည့် ၃၃ ကေဗွီ မင်းပြား-မြေပုံ ဓာတ်အားလိုင်း ၂၆ မိုင်နှင့် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ မြေပုံဓာတ်အားခွဲရုံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါဓာတ်အားခွဲရုံ၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအေးသာအောင် တက်ရောက် အမှာစကားပြောကြားသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့က ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးပေးနိုင်ရေးအတွက် မင်းပြား-မြေပုံ ဓာတ်အားလိုင်းနှင့် မြေပုံဓာတ်အားခွဲရုံ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ မြေပုံ ဓာတ်အားခွဲရုံ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်း အခမ်းအနားကို အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ၃၃ ကေဗွီ မင်းပြား-ပေါက်တော ဓာတ်အားလိုင်း ၂၂ ဒသမ ၅ မိုင်နှင့် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ပေါက်တောဓာတ်အားခွဲရုံဖွင့်ပွဲအခမ်းအနားကို အဆိုပါဓာတ်အားခွဲရုံ၌ ဆက်လက်ကျင်းပသည်။



ရှေးဦးစွာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးနိုင်ရန်အတွက် မင်းပြား-ပေါက်တောဓာတ်အားလိုင်းနှင့် ပေါက်တော ဓာတ်အားခွဲရုံ အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့မှုအခြေအနေများနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပေါက်တောဓာတ်အားခွဲရုံ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်း အခမ်းအနားကို အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယခင်က မြေပုံမြို့တွင် အိမ်ထောင်စုပေါင်း ၂၆၂၈ စု ကျော်ရှိသည့်အနက် ၁၁၆၅ စုကို ၅၀၀ ကေဗွီ မီးစက်နှစ်လုံးဖြင့် တစ်နေ့လျှင် ခုနစ်နာရီခွဲခန့်သာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ယခုကဲ့သို့ ၂၄ နာရီ လျှပ်စစ်ဓာတ်အားရရှိရန် တည်ဆောက်ခဲ့သော စီမံကိန်းတစ်ခုလုံးအတွက် နိုင်ငံတော်က ကျပ်သန်း ၁၆၁၇ ဒသမ ၆၈၁ သန်း အကုန်အကျခံ တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း နောက်ထပ် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၉ ဒသမ ၁၂ မိုင်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၈ မိုင်၊ ထရန်စဖော်မာ ရှစ်လုံးကို ဆက်လက်အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်သည့်အတွက် မြေပုံမြို့နယ်အတွင်းရှိ အငူရွာဟောင်း၊ ကျောက်မော်ကြီး၊ ထူးချော၊ ဝက်ခေါင်းကျေးရွာများသို့ မကြာမီ ဓာတ်အားဖြန့်ဖြူးပေးနိုင်တော့မည် ဖြစ်သည်။

ထို့အတူ ပေါက်တောမြို့တွင် အိမ်ထောင်စုပေါင်း ၃၁၉၈ စု ရှိသည့်အနက် ယခင်က အိမ်ထောင်စု ၉၇၆ စုကိုသာ ၅၀၀ ကေဗွီအေ မီးစက် နှစ်လုံး၊ ၃၀၀ ကေဗွီအေ မီးစက်တစ်လုံးတို့ဖြင့် တစ်နေ့လျှင် ငါးနာရီခန့်သာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် တည်ဆောက်ခဲ့သော စီမံကိန်းတစ်ခုလုံးအတွက် နိုင်ငံတော်က ကျပ်သန်း ၁၅၈၄ ဒသမ ၁၃၄ သန်း အကုန်ကျခံ အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၂ မိုင်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁၇ ဒသမ ၅ မိုင်၊ ထရန်စဖော်မာ ၁၄ လုံးကို ဆက်လက်အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်သည့်အတွက် ပေါက်တောမြို့နယ် အတွင်းရှိ ကျေးရွာများအား မကြာမီ ဓာတ်အားဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ပြီး ဓာတ်အားဖြန့်ဖြူးရေးလိုင်းများနှင့် ထရန်စဖော်မာများ တည်ဆောက်ပြီးစီးပါက ပေါက်တောမြို့နှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာပေါင်း ၃၁ ရွာ၊ အိမ်ထောင်စု ၆၇၅၅ စုကို ဓာတ်အား ဖြန့်ဖြူးပေးရန် စီမံဆောင်ရွက်လျက်ရှိပြီး လျှပ်စစ်ဓာတ်အား တိုးတက်ရရှိလာသည်နှင့်အမျှ အသေးစား စက်မှုလက်မှု လုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒေသခံ တိုင်းရင်းသားများအား ဘူးသီးတောင်မြို့ ပြည်သူ့ဆေးရုံ၌ အခမဲ့ ဆေးဝါးကုသပေး



**ဘူးသီးတောင် နိုဝင်ဘာ ၂**

ဘူးသီးတောင်မြို့ရှိ ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသရန်လာရောက်ပြသကြသည့် ဒေသခံတိုင်းရင်းသားများဖြစ်သော ရခိုင်၊ ဗမာ၊ မြို၊ ခမီ၊ ဒိုင်းနက် လူမျိုးများ၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာဝင် လူနာများအား အခမဲ့ ဆေးဝါးကုသပေးလျက်ရှိသည်။

ဘူးသီးတောင်ဆေးရုံ၌ ဆေးဝါးကုသမှု လာရောက်ခံယူသူများကို အခမဲ့ ဆေးဝါးကုသပေးလျက်ရှိသည့်အပြင် ရောဂါပျောက်ကင်း၍ ကုသမှုဆက်လက်ခံယူရန် မလိုအပ်သဖြင့် နေရပ်သို့ ပြန်ကြသူများအား ခရီးစရိတ်၊ ဆေးဝါးနှင့် အသုံးစရိတ်များ ကူညီ ထောက်ပံ့ပေးလျက်ရှိသည်။

ထို့ပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အစီအစဉ်၊ ပြည်ထောင်စုဝန်ကြီး၏ အကူအညီဖြင့် မကွေးဆေးတက္ကသိုလ်မှ ကလေးအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာလှဝင်းမြင့် ဦးဆောင်သည့် အဖွဲ့သည် ဘူးသီးတောင်နှင့် မောင်တောမြို့များရှိ ကယ်ဆယ်ရေးစခန်းများ၌ နေထိုင်ကြသူများနှင့် ဆေးဝါးကုသမှုခံယူရန် လိုအပ်သည့် ဒေသခံတိုင်းရင်းသားများကို ကွင်းဆင်း၍ အခမဲ့ဆေးကုသပေးလျက်ရှိသည်။

မကွေးဆေးတက္ကသိုလ်မှ ကလေးအထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာလှဝင်းမြင့်က "ဒီကို အောက်တိုဘာ ၃၀ ရက်ကတည်းက ရောက်နေတာပါ၊ နိုဝင်ဘာ ၁ ရက်ကနေ ၅ ရက်အထိ ကွင်းဆင်းပြီး အခမဲ့ ကုသပေးသွားမှာပါ။ ကျွန်မနဲ့အတူ မကွေးဆေးတက္ကသိုလ် ရောဂါဗေဒဌာနက ကထိက ဒေါက်တာနုသဇင်ဝင်း၊ ကထိက ဒေါက်တာညီညီဝေယံဖော်၊ လက်ထောက်ကထိက ဒေါက်တာနှင်းဝင့်ဝင့်ဆွေတို့လည်း ပါလာပါတယ်၊"

"ကျွန်မတို့အဖွဲ့က ဘူးသီးတောင်ဆေးရုံမှာ နိုဝင်ဘာ ၁ ရက်ကနေ ၂ ရက်အထိ ကုသပေးနေပါတယ်၊ နိုဝင်ဘာ ၃ ရက်ကနေ ၄ ရက်အထိက မောင်တောမြို့မှာရှိတဲ့ ဆေးရုံမှာ ကုသပေးသွားမှာပါ၊ ဘူးသီးတောင်မြို့မှာ ကုသ ပေးတဲ့အခါ များသောအားဖြင့် ချောင်းဆိုးရင်ကျပ်တဲ့ ကလေးတွေများပါတယ်၊ ဒုတိယကတော့ ဝမ်းပျက်ဝမ်းလျှောရောဂါပါ၊ တတိယကတော့ ငယ်စဉ်ကာလက ဦးနှောက်ထဲကို ရောဂါပိုးနဲ့ အသားဝါတဲ့ဓာတ်တွေ ရောက်ရှိထားတဲ့အတွက်ကြောင့် လက်တွေ၊ ခြေထောက်တွေ ကွေးကောက်ပြီး အကြောဆွဲ၊ အကြောတက်ရောဂါဖြစ်နေတဲ့ ကလေးတွေပါ" ဟု လာရောက်ကုသပေးရခြင်း ရည်ရွယ်ချက်နှင့် တွေ့ရှိချက်များကို ပြောသည်။

ထို့ပြင် "စပြီးကုသပေးတဲ့နေ့ကနေ ဒီနေ့အထိ ကလေးအယောက် ၅၀ ခန့်ကို ကုသပေးနိုင်ခဲ့တဲ့အပြင် ဒီဆေးရုံမှာ လာရောက်ပြီး ဆေးဝါးကုသမှုခံယူနေတဲ့ လူနာတွေကိုလည်း တစ်ပါတည်း ကုသပေးနေပါတယ်"

"ဒီဒေသက ပြည်သူတွေက ကျန်းမာရေးစောင့်ရှောက်မှုခံယူဖို့ အားနည်းတာတွေကို တွေ့ရပါတယ်၊ ကျန်းမာရေးဌာနက လူနာအားလုံးအတွက် အမြဲတမ်း ကြိုဆိုနေပါတယ်၊ အမြဲတမ်း လိုက်လိုက်လှဲလှဲနဲ့ ကုသပေးဖို့အတွက် လူမျိုး၊ ဘာသာမရွေး ကုသပေးတာဖြစ်တဲ့အတွက် နောက်ကျတဲ့အထိမနေဘဲ အချိန်မရွေး၊ နေရာမရွေး ဖြစ်ဖြစ်ချင်း လာရောက်ပြသကြပါလို့" ပါမောက္ခ ဒေါက်တာလှဝင်းမြင့်က တိုက်တွန်းပြောကြားသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် မကွေးဆေးတက္ကသိုလ်မှ ကလေးအထူးကု ဆရာဝန်ကြီးတို့ ဦးဆောင်သောအဖွဲ့သည် နိုဝင်ဘာ ၃ ရက်မှ ၄ ရက်အထိ မောင်တောမြို့၌ ကုသပေးသွားမည်ဖြစ်ကြောင်း၊ မောင်တောမြို့ရှိ ဆေးရုံကိုအခြေပြုပြီး ပြည်သူများကို ကုသပေးသွားမည်ဖြစ်ပြီး လာရောက်ကုသရန် သွားရေးလာရေးခက်ခဲသည့် ဒေသများသို့ ကွင်းဆင်း၍ ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မောင်တောဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေသော မောင်တောမြို့နယ်နေ ဒိုင်းနက်လူမျိုး ဦးဂီလာ၊ ဘူးသီးတောင်မြို့နယ်နေ မြိုလူမျိုး မောင်ကျော်ဆန်း၊ ဘူးသီးတောင်မြို့ အမှတ် ၄ ရပ်ကွက်နေ အစ္စလာမ်ဘာသာဝင် ဦးဒီလ်မာမောက်၊ အမှတ် ၇ မီးရထားဆိပ်ရပ်ကွက်နေ ဟိန္ဒူဘာသာဝင် ဒေါ်ဂင်္ဂါတို့ကလည်း ဆေးရုံ၌ ဆေးကုသမှုခံယူခြင်းနှင့် စပ်လျဉ်း၍ အဆင်ပြေကြောင်း၊ ရောဂါသက်သာကြောင်း၊ ဆရာဝန်ကြီးများနှင့် ဆရာမများက ဂရုစိုက်ကြောင်း၊ ကျေးဇူးတင်ကြောင်း ပြောကြသည်။

ဘူးသီးတောင်မြို့ရှိ ပြည်သူ့ဆေးရုံသို့ ဩဂုတ်လတွင် အတွင်းလူနာအဖြစ် ၂၅၅ ဦး၊ အပြင်လူနာအဖြစ် ၂၀၃ ဦး၊ စက်တင်ဘာလတွင် အတွင်းလူနာအဖြစ် ၂၁၈ ဦး၊ အပြင်လူနာအဖြစ် ၄၃၈ ဦး၊ အောက်တိုဘာလတွင် အတွင်းလူနာအဖြစ် ၁၇၅ ဦး၊ အပြင်လူနာအဖြစ် ၂၆၇ ဦး ဆေးဝါးကုသမှု လာရောက်ခံယူခဲ့ကြောင်း သိရသည်။

**သတင်း - မော်စီ**

**ဓာတ်ပုံ - ဟန်လင်းနိုင်**

# ရခိုင်ပြည်နယ်သတင်း

## ကျောက်တော်မြို့နှင့် မြောက်ဦးမြို့တို့မှ ဆရာတော်၊ သံဃာတော်များအား ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဖူးမြော်ကြည်ညို



**နေပြည်တော် နိုဝင်ဘာ ၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ယနေ့နံနက် ၉နာရီတွင် ကျောက်တော်မြို့ရှိ မြို့မရွှေကျောင်းသို့ရောက်ရှိပြီး မြို့မရွှေကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးရေဝတအား ဖူးမြော်ကြည်ညို၍ ရှေးဟောင်းရုပ်ပွားတော်နှင့် အလှူငွေများ ကပ်လှူကာ သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ဆရာတော်ကြီးထံမှ ဩဝါဒခံယူသည်။

ထို့နောက် မြို့သစ်ရပ်ကွက်ရှိ သိမ်ပြင်ဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ သစ်တောဆရာတော်နှင့် ဆရာတော်ကြီးသုံးပါးအား ဖူးမြော်ကြည်ညိုပြီး ရှေးဟောင်းရုပ်ပွားတော်များနှင့် အလှူငွေများ ကပ်လှူကာ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူခဲ့သည်။

ယင်းနောက် မြောက်ဦးမြို့ ရွှေတောင်ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး ဆရာတော်၊ သံဃာတော်များအား ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များနှင့် အလှူငွေများ ကပ်လှူကာ သာသနာရေးဆိုင်ရာများလျှောက်ထားပြီး ဆရာတော်များထံမှ ဩဝါဒခံယူသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဒေသခံများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဘူးသီးတောင်မြို့၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံကြောင်း ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်



**မောင်တော နိုဝင်ဘာ ၂**

ဘူးသီးတောင်မြို့၌ ဒေသခံတိုင်းရင်းသားအင်အား ၁၂၀ ခန့်သည် ယနေ့မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်လမ်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ကြိုဆိုထောက်ခံကြောင်း ငြိမ်းချမ်းစွာစုဝေး၍ ဆန္ဒဖော်ထုတ်ကြသည်။

ထိုသို့ ငြိမ်းချမ်းစွာ စုဝေးဆန္ဒဖော်ထုတ်ရာတွင် ဦးဆောင်သူတစ်ဦးဖြစ်သူ ဦးရဲသိန်းက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းအား ထောက်ခံကြောင်း ပြောကြားပြီး ဦးကျော်ဇောဦးက ARSA အကြမ်းဖက်မှုအား ဆန့်ကျင်ကြောင်းနှင့် ဦးညိုလှအောင်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းတချို့မှ ကောက်နုတ်ချက်များကို ရှင်းလင်းပြောကြားသည်။

စုဝေးဆန္ဒဖော်ထုတ်ပွဲတွင် "နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်ပါစေ၊ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကျန်းမာပါစေ၊ ARSA အစွန်းရောက်အကြမ်းဖက်သမားအလိုမရှိ၊ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းရပ်တည်ကြ" စသည့် လက်ကိုင်ဆိုင်းဘုတ်များကို ကိုင်ဆောင်ပြီး ကြွေးကြော်သံများကြွေးကြော်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မောင်တောခရိုင်တွင် အခြေခံပညာကျောင်း ၅၂ ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ပြီး ဒေသတည်ငြိမ်အေးချမ်းမှုအပေါ်မူတည်၍ ဦးစားပေးသတ်မှတ်ချက်အလိုက် ဖွင့်လှစ်သွားမည်

**မောင်တော နိုဝင်ဘာ ၂**



ရခိုင်ပြည်နယ် မောင်တောဒေသတွင် ယာယီပိတ်ထားရသည့် ကျောင်းများကို ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ပညာရေးမှူးရုံးမှ သိရသည်။

"ကျောင်းတွေပြန်လည်ဖွင့်လှစ်နိုင်ဖို့ အဆင့်သုံးဆင့်နဲ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်၊ နံ့သာတောင်ပရဟိတကျောင်းနဲ့ မောင်တောမြို့နယ် သုံးမိုင်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း အပါအဝင် မောင်တောမြို့နယ်မှာ ၃၂ ကျောင်းနဲ့ ဘူးသီးတောင်မြို့နယ်မှာ ကျောင်းပေါင်း ၂၀ အားလုံးပေါင်း မောင်တောခရိုင်မှာ ၅၂ ကျောင်း ဖွင့်လှစ်ထားပါတယ်" ဟု မောင်တောခရိုင် ပညာရေးမှူး ဦးအုန်းမြင့်က ပြောသည်။

မောင်တောမြို့နယ်တွင် အခြေခံပညာကျောင်းပေါင်း ၁၈၃ ကျောင်း ရှိသည့်အနက် လက်ရှိကာလတွင် ၃၂ ကျောင်းကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ဖွင့်ရန်ကျန်ရှိသည့်ကျောင်းမှာ ၁၅၁ ကျောင်းဖြစ်သည်။ ဘူးသီးတောင်မြို့နယ်တွင် အခြေခံပညာကျောင်းပေါင်း ၂၂၁ ကျောင်း ရှိသည့်အနက် လက်ရှိကာလတွင် ကျောင်းပေါင်း ၂၀ ကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ဖွင့်လှစ်ရန်ကျန်ရှိသည့် ကျောင်းအရေအတွက်မှာ ၂၀၁ ကျောင်းဖြစ်သည်။ မောင်တောခရိုင် တစ်ခုလုံးတွင် အခြေခံပညာကျောင်းပေါင်း ၄၀၄ ကျောင်းရှိသည့်အနက် လက်ရှိကာလတွင် ၅၂ ကျောင်းဖွင့်လှစ်နိုင်ခဲ့ပြီး ဖွင့်ရန် ကျန်ရှိသည့် ကျောင်းပေါင်း ၃၅၂ ကျောင်း ရှိနေသေးကြောင်း သိရသည်။

"ပထမအဆင့်အနေနဲ့ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာလအတွင်း ဖွင့်လှစ်သွားမှာဖြစ်ပြီး ဒုတိယအဆင့်အနေနဲ့ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီနဲ့ နောက်ဆုံး တတိယအဆင့်မှာတော့ အခြေအနေအပေါ်မူတည်ပြီး ဖွင့်လှစ်သွားမှာဖြစ်ပါတယ်၊ တချို့ကျောင်းတွေမှာ ဆရာ ဆရာမတွေ မရောက်ကြသေးပါဘူး၊ ဆရာ ဆရာမတွေ မရောက်ကြသေးဘူးဆိုရာမှာလည်း ပဋိပက္ခဖြစ်စဉ်တွေကြောင့် ကလေးမိဘတွေက ရွာတွေကို စွန့်ခွာသွားလို့ ကျေးရွာတွေကို ဆရာ ဆရာမတွေမရောက်တာဖြစ်ပါတယ်၊ အခုအချိန်မှာတော့ ဆရာ ဆရာမတွေ ကျောင်းဖွင့်ချိန်အမီ ရောက်ရှိနေပြီဖြစ်ပါတယ်"ဟု ခရိုင်ပညာရေးမှူးက ပြောသည်။

သို့သော် ကျေးလက်ဒေသအများစုတွင် နေအိမ်နှင့် ကျောင်းများ မီးရှို့ခံထားရ၍ အခြေခံပညာကျောင်းများကို နေရာစုံ ဖွင့်လှစ်နိုင်ရေးအတွက် အချိန်ယူရမည်ဖြစ်ကြောင်း အဆိုပါကျောင်းများကို တတိယအဆင့်အနေဖြင့် ဖွင့်လှစ်နိုင်ရေးအတွက် ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၊ ဆရာ ဆရာမများက ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြို့ပေါ်ကျောင်းများတွင်မူ တိုင်းရင်းသား ကျောင်းသား ကျောင်းသူကလေးများ တက်ရောက် ပညာသင်ကြားနိုင်ပြီဖြစ်ကြောင်း သိရသည်။

ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဒေသတည်ငြိမ်အေးချမ်းရေးက အရေးကြီးကြောင်း မောင်တောမြို့နယ်ပညာရေးမှူး ဦးခင်အောင်က ဆိုသည်။

"အရင်က တိုင်းရင်းသားတွေနဲ့ အစ္စလာမ်ဘာသာဝင်တွေ အကြား တစ်ဦးနဲ့တစ်ဦး ကူညီရိုင်းပင်းမှုတွေနဲ့ နေထိုင်ခဲ့ကြပါတယ်၊ ၂၀၁၂ ခုနှစ်ကစပြီး လူမျိုးစုနှစ်ခုကြားမှာ သံသယတွေဝင်လာပါတယ်၊ ၂၀၁၆ ခုနှစ် နောက်ပိုင်း ပိုဆိုးရွားလာပြီး လုံခြုံရေးတာဝန်ရှိသူတွေကိုပါ အန္တရာယ်ပြုလာတဲ့အဆင့်ကို ရောက်ရှိလာတဲ့အတွက် ဆရာ ဆရာမတွေစိုးရိမ်ပြီး မနေရဲကြတော့ပါဘူး၊ ဒါပေမယ့် အခုတော့ တည်ငြိမ်စ ပြုလာပြီဖြစ်တဲ့ အတွက် ဆရာ ဆရာမတွေကို တာဝန်ကျရာဒေသကို စက်တင်ဘာလ နောက်ဆုံးထားပြီး လာရောက်ဖို့ညွှန်ကြားထားလို့ လက်ရှိဖွင့်လှစ်လျက်ရှိတဲ့ ကျောင်းတွေမှာ ကလေးတွေကို ပညာသင်ကြားပေးလျက်ရှိပါတယ်" ဟု ၎င်းက ဆိုသည်။

ယနေ့နံနက်ပိုင်းက မောင်တောမြို့နယ်ပညာရေးမှူးရုံးတွင် (၉၇)နှစ်မြောက် အမျိုးသားနေ့အကြို စာစီစာကုံးပြိုင်ပွဲနှင့် မြန်မာစာစွမ်းရည်ပြိုင်ပွဲကို ကျင်းပရာ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းသား ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

မောင်တောမြို့နယ်တွင် အခြေခံပညာကျောင်းသား ကျောင်းသူ ၈၀၀၀၀ ကျော်၊ ဘူးသီးတောင်မြို့နယ်တွင် အခြေခံပညာ ကျောင်းသား ကျောင်းသူ ၆၀၀၀၀ ကျော်ရှိရာ မောင်တောခရိုင်တွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း တစ်သိန်းလေးသောင်းကျော်ရှိကြောင်း သိရသည်။

**သတင်း-အောင်ကျော်ဦး**
**ဓာတ်ပုံ-ဟန်လင်းနိုင်**

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် အောက်တိုဘာလအတွင်း ယာဉ်မတော်တဆမှု ၆၅ ကြိမ်ဖြစ်ပွား၊ ၁၅ ဦးသေဆုံးပြီး ၁၃၄ ဦးဒဏ်ရာရ

**နေပြည်တော် နိုဝင်ဘာ ၂**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် အောက်တိုဘာလအတွင်း ယာဉ်မတော်တဆမှု ၆၅ ကြိမ် ဖြစ်ပွားခဲ့ပြီး ၁၅ ဦးသေဆုံးကာ ၁၃၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်များတွင် အောက်တိုဘာလအတွင်း သီတင်းကျွတ် အလုပ်ပိတ်ရက်ဖြစ်သည်နှင့်အညီ ပွင့်လင်းရာသီသို့ စတင်ရောက်ရှိလာပြီဖြစ်၍ ယာဉ်အသွားအလာ များပြားလာကာ ယာဉ်မောင်းများ၏ မဆင်မခြင် ပေါ့ဆစွာမောင်းနှင်မှုကြောင့်လည်းကောင်း၊ ရာသီဥတုကြောင့်လည်းကောင်း၊ လမ်းကြောင့်လည်းကောင်း၊ အမြန်လမ်းပေါ်တွင် ကျွဲ၊ နွားတိရစ္ဆာန်များ ဖြတ်သန်းသွားလာမှုကြောင့် အပြင် အမြန်လမ်းပေါ်သို့ တက်ရောက် မောင်းနှင်ခွင့်မရှိသော ဆိုင်ကယ်သုံးဘီး အနှေးယဉ်များ တက်ရောက်မောင်းနှင်မှု၊ လမ်းဖြတ်ကူးမှုကြောင့်လည်းကောင်း၊ ယာဉ်မောင်းအိပ်ငိုက်မှုကြောင့် လည်းကောင်း၊ ဘီးပေါက်၍ အရှိန်မထိန်းနိုင်မှုများကြောင့်လည်းကောင်း ယာဉ်မတော်တဆမှုများ ဖြစ်ပွားနေခြင်းဖြစ်သည်။

သို့ပါ၍ အမြန်လမ်းတစ်လျှောက် မောင်းနှင်မည်ဆိုပါက ယာဉ်မောင်းများအနေဖြင့် ယာဉ်အားအမြန်လမ်းပေါ် မတက်ရောက်ခင် သေသေချာချာစစ်ဆေးပြီး တက်ရောက်မောင်းနှင်သင့်သလို အမြန်လမ်းပေါ် တက်ရောက်မောင်းနှင်မည့်ယာဉ်များကို မောင်းနှင်သည့် ယာဉ်မောင်းများအနေဖြင့်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လိုက်နာပြီး သတ်မှတ်အမြန်နှုန်းထက်ကျော်လွန်မောင်းနှင်ခြင်းမပြုပါက ယာဉ်မတော်တဆမှုများ လျော့နည်းလာမည်ဖြစ်သည်။

ယာဉ်မတော်တဆမှုများ လျော့နည်းလာစေရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းအဆင့်မြှင့်တင်ပေးခြင်း၊ လမ်းတစ်လျှောက် သတိပေးဆိုင်းဘုတ်များ တပ်ဆင်ခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

အမြန်လမ်း ရဲတပ်ဖွဲ့အနေဖြင့်လည်း အမြန်လမ်းတွင် မောင်းနှင်နေသည့် မော်တော်ယာဉ်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေးခြင်း၊ အမြန်နှုန်းတိုင်းကိရိယာများဖြင့် တိုင်းတာ၍ အရှိန်နှုန်း ပိုမိုမောင်းနှင်သော မော်တော်ယာဉ်များအား နေ့ဆိုင်း၊ ညဆိုင်းခွဲ၍ စစ်ဆေးဖမ်းဆီးခြင်း၊ အမြန်လမ်းတစ်လျှောက် ကျေးရွာများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြော၍ ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းစသည့် ယာဉ်အန္တရာယ်မဖြစ်စေရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ယာဉ် မတော်တဆမှုကြောင့် အောက်တိုဘာလတွင် ၆၅ ကြိမ်ဖြစ်ပွားခဲ့ရာ အမျိုးသား ၁၁ ဦး၊ အမျိုးသမီးလေးဦး ပေါင်း ၁၅ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၆၀၊ အမျိုးသမီး ၇၄ ဦး ပေါင်း ၁၃၄ ဦး ဒဏ်ရာရရှိခဲ့သည်။

သို့ပါ၍ ယခုနှစ်ဇန်နဝါရီလမှ အောက်တိုလာလကုန်အထိ ယာဉ်မတော်တဆမှု ၄၆၅ ကြိမ်ဖြစ်ပွားခဲ့ပြီး ဖြစ်စဉ်များကြောင့် အမျိုးသား ၇၄ ဦး၊ အမျိုးသမီး ၂၅ ဦး စုစုပေါင်း ၉၉ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၄၁၃ ဦး အမျိုးသမီး ၃၂၉ ဦး ပေါင်း ၇၄၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**



ကိုဖိုးကို(ခ)ဆွတ်ဗဟာဒူး၊ သားငယ်(ခ)စောပုံလွှား၊ မင်းကိုကိုဇော်(ခ)စောမိုက်ကယ်နှင့် မသက်ထားတို့အား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂**

မူးယစ်တပ်ဖွဲ့စု ၄၁ ရန်ကုန်(အရှေ့)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁ ရက် ညနေ ၄ နာရီခွဲက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် ၄၉ ရပ်ကွက်တွင် ကျော်ဝင်းလှိုင် (ခ)ဖိုးကျော် မောင်းနှင်လာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ တောင်ဥက္ကလာပမြို့နယ် အမှတ်(၇)ရပ်ကွက် သံသုမာလမ်းတွင် ကျော်စွာမင်းဦး(ခ)ဂျပန်ကြီး မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၅၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ညနေ ၅ နာရီက မူးယစ်တပ်ဖွဲ့စု ၂၅ တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် မကွေ့ကျေးရွာအနီး ကလော-သာစည်ကားလမ်း မိုင်တိုင်အမှတ်(၅၉/၁)တွင် ကိုဖိုးကို(ခ)ဆွတ်ဗဟာဒူး မောင်းနှင်ပြီး သားငယ်(ခ)စောပုံလွှား၊ မင်းကိုကိုဇော်(ခ)စောမိုက်ကယ်နှင့် မသက်ထားတို့လိုက်ပါလာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၅၆၀ ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို စစ်ဆေးခဲ့ရာ အောက်ဖော်ပြပါ အလှကုန်ပစ္စည်းလေးမျိုးသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်း မရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်းများ ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထု သုံးစွဲရန်မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

၃။ အဆိပ်သင့်ဓာတုပစ္စည်းများသည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ စုပ်ယူ၍ ထုံကျဉ်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်ပါသည်။

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | QIanJinG 7 Day Special Effect Whitening Speckle Remover Cream | တရုတ်ဘာသာဖြင့် ဖော်ပြထားပါသည်။ | Mercury (+) |
| ၂။ | Oriental Whitening Cream (Whitening Anti-Freckle Set) | Made in Taiwan | Mercury (+) |
| ၃။ | WinSurf (ရွှက်လှေ့တံဆိပ်) Makeup Cream | Free Way Beauty Co., Ltd., Thailand | Mercury (+) |
| ၄။ | WinSurf (ရွှက်လှေ့တံဆိပ်) Facial Treatment Lotion | Free Way Beauty Co., Ltd., Thailand | Hydroquinone (+) |

၄။ အလှကုန်ပစ္စည်း တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့်ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသော အများပြည်သူသုံးစွဲရန် မသင့်ကြောင်း ကြေညာထားသည့် အလှကုန်ပစ္စည်းများ တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၃၊ အပိုဒ် (၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**



# အမြန်လမ်းတွင် ဘုရားဖူးယာဉ်နှင့် ခရီးသည်တင်ယာဉ် မတော်တဆတိုက်မိ

**နေပြည်တော် နိုဝင်ဘာ ၂**

ရန်ကုန်-မန္တလေးအမြန်လမ်း၏ ဘောနက်ကြီးအမြန်လမ်းအပိုင်း မိုင်တိုင် ၃၈/၆ နှင့် ၃၈/၇ အကြား နေပြည်တော်မှ ရန်ကုန်သို့ ယာဉ်မောင်း ဇော်မိုးမောင်းနှင်လာသော 7 United Express ဘုရားဖူးယာဉ်သည် ယနေ့နံနက် ၂ နာရီက လမ်းလယ်ကျွန်းဖြတ်လမ်းသို့ ရုတ်တရက်ချိုးကွေ့စဉ် လမ်းအတိုင်း အနောက်မှ ယာဉ်မောင်း ဦးအောင်ဇော်ထွန်း မောင်းနှင်လာသည့် ရိုးရိုးလေးခရီးသည်တင် Express ယာဉ်နှင့် တိုက်မိခဲ့သည်။

ဖြစ်စဉ်ကြောင့် ရိုးရိုးလေးခရီးသည်တင် Express ယာဉ်ပေါ်တွင် ယာဉ်မောင်းပါ အမျိုးသား ၂၀ ဦး၊ အမျိုးသမီး ၂၀ ဦး ပေါင်း ၄၂ ဦးမှာ ထိခိုက်ဒဏ်ရာရရှိမှုမရှိသော်လည်း 7 United Express ယာဉ်ပေါ်တွင် ယာဉ်မောင်းပါ အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး ၃၈ ဦး စုစုပေါင်း ၄၅ ဦးအနက် အမျိုးသမီးငါးဦးဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူများအား တပ်ဖွဲ့ပိုင်ယာဉ်ဖြင့် ပဲခူးဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။

ထို့အတူ ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်က ပေပင်လေးအမြန်လမ်းအပိုင်း မိုင်တိုင် ၂၄၅/၄ နှင့် ၂၄၅/၅အကြား မန္တလေးမှ နေပြည်တော်သို့ ယာဉ်မောင်းအောင်ဇော်လွင် မောင်းနှင်လာသော KLUGER မော်တော်ယာဉ်မှာ ဝဲဘက်ရှေ့ဘီးပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ် ကျော်တက်ကာ တစ်ဖက်ယာဉ်ကျောလမ်းဘေးသို့ တိမ်းမှောက်ခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါရှိသူ အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူများအား တပ်ဖွဲ့ပိုင်ယာဉ်ဖြင့် ညောင်ကုန်းဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

သို့ပါ၍ ဖြစ်စဉ်များမှ ယာဉ်မောင်းများအား သက်ဆိုင်ရာက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# ဘားအံ အကျဉ်းထောင်တွင် အမျိုးသမီးဝန်ထမ်း လိုင်းခန်း မီးလောင်မှုဖြစ်ပွား

**ဘားအံ နိုဝင်ဘာ ၂**

ကရင်ပြည်နယ် ဘားအံမြို့ အကျဉ်းထောင်၌ ခြောက်ခန်းတွဲ နေအိမ်လိုင်းခန်းတွင် နိုဝင်ဘာ ၁ ရက် ည ၁၀ နာရီက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘားအံအကျဉ်းထောင်ရှိ ခြောက်ခန်းတွဲ နေအိမ်လိုင်းခန်း သံလွင်အဆောင် အခန်းအမှတ် ၆ တွင် နေထိုင်သည့် အမျိုးသမီးဝန်ထမ်းဖြစ်သူ တပ်သားနှင်းပွင့်ဖြူ(၂၄)နှစ်၏ အခန်းရှိ ရေခဲသေတ္တာ မီးထိန်းခုံအပူ လွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။ မီးလောင်မှုဖြစ်ပွားသည့်နေရာသို့ အကျဉ်းဦးစီးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်လေးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၁၁ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး လျှပ်စစ်မီးအား ပေါ့ဆစွာ အသုံးပြုခဲ့သူ အကျဉ်းထောင် အမျိုးသမီးဝန်ထမ်း တပ်သား နှင်းပွင့်ဖြူအား ဘားအံမြို့မရဲစခန်းတွင် အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သုံးခွမြို့နယ်တွင် ကထိန်စတိတ်ရှိုးပွဲမှအပြန် ဓားထိုးမှုဖြစ်ပွား

**ရန်ကုန် အောက်တိုဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အမှတ် ၉ ရပ်ကွက်တွင် နိုဝင်ဘာ ၁ ရက်က ဓားထိုးမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ နံနက် ၄ နာရီခန့်က အမှတ် ၉ ရပ်ကွက်ကထိန်တွင် စတိတ်ရှိုးကြည့်ပြီး ပြန်လာသော လူငယ်အချင်းချင်း ခရမ်း-သုံးခွကားလမ်းဘေး မြို့ဝင်ကြေးဂိတ်အနီးတွင် စကားများရန်ဖြစ်ကြပြီး ကိုစိုင်း(ခ)စိုင်းသီဟက ဓားဖြင့် ထိုးသဖြင့် ကိုကို(ခ)ကိုကိုတင့် ၂၀ နှစ်မှာ လည်ကုပ်တွင် ဓားတန်းလန်းဖြင့် လဲကျသွားပြီး သုံးခွမြို့ ပြည်သူ့ဆေးရုံမှတစ်ဆင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ အတွင်းလူနာ(စိုးရိမ်ရ)ဒဏ်ရာဖြင့် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူ ကိုစိုင်း(ခ)စိုင်းသီဟအား သုံးခွမြို့မရဲစခန်းမှ အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# ပြင်ဆင်ဖတ်ရှုပါရန်

အောက်တိုဘာ ၃၀ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၂ တွင် ဖော်ပြပါရှိသော တောင်ကြီးမြို့မီးလောင်မှုဖြစ်ပွားသတင်း၌ မီးစတင်လောင်ကျွမ်းသည့် ဦးလှမောင်အိမ်အစား အောင်ငဲ(ခ) ဦးစိုးနိုင်လေးအိမ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စိုင်းသန်းကျော်(တောင်ကြီး)**



# ဘောလုံး ဒဿနကို ကျေညက်သူ (သို့မဟုတ်) ဇီနက်ဒင်ဇီဒန်း

■ မေလဲ့သင်း

ချန်ပီယံလိဂ်သမိုင်းရဲ့ အအောင်မြင်ဆုံး အသင်းဖြစ်တဲ့ ရီးယဲလ်မက်ဒရစ်က စပါး အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်သွားခဲ့မှုဟာ ကမ္ဘာ့ဘောလုံးပရိသတ်တွေအတွက် အနည်းငယ် အံ့အားသင့်စရာ၊ ရီးယဲလ် အမာခံပရိသတ်တွေအတွက် စိုးရိမ်ဖွယ်ရာ၊ စိတ်ပူစရာ။ ဒီရလဒ်အတွက် စပါးနည်းပြ ပိုချက်တီနိုက သူ့အသင်းကို အံ့အားသင့်စရာအသင်းလို့ ချီးမွမ်းခန်းဖွင့်နေချိန်၊ စပါးပရိသတ်တွေက သူတို့အသင်းရဲ့ ကစားသမားဟောင်း ရီးယဲလ်ကွင်းလယ်လူ မိုဒရစ်ကို ပစ်မှတ်ထားလှောင်ပြောင်ချိန်၊ ရီးယဲလ် စတား စီရိုနယ်လ်ဒိုရဲ့ စိတ်အနှောင့်အယှက်ဖြစ်တဲ့ အပြုအမူနဲ့ ဝင်ဘာလေကွင်းထဲက ထွက်ခွာချိန် စတဲ့ စတဲ့ သဏ္ဌာန်တွေအကြား အဓိကဇာတ်ဆောင်တစ်ဦးဖြစ်တဲ့ ရီးယဲလ်နည်းပြ ဇီဒန်းရဲ့ ပြောစကားက အားလုံးကို ခေါင်းထောင်လာစေတဲ့အထိ စွမ်းဆောင်နိုင်ခဲ့ပါတယ်။

## သူ ယုံကြည်ရာ

အချို့ သတင်းဌာနတွေကဆိုရင် ဇီဒန်း ခရစ္စမတ်မကျော်ခင် အထုတ်ခံရလိမ့်မယ်လို့ မှန်းဆခဲ့ကြသလို ဇီဒန်းအလွန် ရီးယဲလ်နည်းပြက ဘယ်သူလဲဆိုတာကိုပါ အကြိုအဖြေထုတ်ကုန်ပါပြီ။ ရီးယဲလ်ဟာ ပြီးခဲ့တဲ့ ရက်သတ္တပတ်ကလည်း တန်းတက် ဂျီရိုနာကို နှစ်ဂိုး-တစ်ဂိုးနဲ့ အရေးနိမ့်ပြီး စပါးကို ယခုလို ထပ်မံအရေးနိမ့်ခဲ့ရပြန်တာဖြစ်ပါတယ်။ ဒီလို ပွဲဆက်အရေးနိမ့်မှုဖြစ်နေတဲ့ ကမ္ဘာ့ထိပ်တန်း ရီးယဲလ်ရဲ့ ပွဲကိုင်ရှင် ဇီဒန်းကတော့ ဒီလို ရလဒ်အပေါ် သူ့အနေနဲ့ အလန့်တကြားဖြစ်ခြင်းမရှိပါဘူး။ ဒါကလည်း ဘဝတစ်ခုပါပဲလို့ ပြောကြားခဲ့တာကြောင့် ဒါကိုပဲ မီဒီယာတွေက မီးမောင်းထိုး အသားပေးဖော်ပြနေကြတာပါ။

ဒါဆို ဇီဒန်းက အရှုံးဆိုတဲ့ အရသာ မြည်းစမ်းခွင့်ကို ကြိုက်သူလား။ ဇီဒန်းရဲ့ ပြောစကားကို တိုက်ရိုက်ပြန်ဖော်ပြရရင် “ကျွန်တော်တို့က ပိုကောင်းတဲ့အသင်းကို ရင်ဆိုင်ခဲ့ရပါတယ်၊ အားလုံးကို ခြုံပြီးပြောရရင်တော့ ဂိုးရနည်းနေမှုအပေါ် စိတ်ပူပန်မှုမရှိပါဘူး၊ ကျွန်တော်တို့က အတွေ့အကြုံကြွယ်ဝတယ်ဆိုတာပြသဖို့ လိုအပ်သလို ကျွန်တော်တို့ဟာ ချန်ပီယံဆိုတဲ့ ဂုဏ်ပုဒ်တွေနဲ့ ပြည့်ဝနေတာကြောင့် လက်ရှိလည်ပတ်နေတာကနေ ပြောင်းလဲဖို့တော့ လိုအပ်နေပါတယ်”လို့ ဆိုခဲ့တာပါ။ ဒီစကားကို ကောက်ပြီး အဖြေထုတ်ရရင် လက်ရှိလည်ပတ်နေတဲ့ အနေအထားကို ဇီဒန်းပြောင်းလဲဖို့ ကြိုးစားတော့မယ်လို့ ယေဘုယျအဖြေထုတ်နိုင်ပါတယ်။

ဇီဒန်းက ရီးယဲလ်ကို နှစ်နှစ်နီးပါး ကိုင်တွယ်ခွင့်ရချိန်မှာ ချန်ပီယံလိဂ်ဖလား နှစ်ကြိမ်၊ လာလီဂါဖလားတစ်ကြိမ်၊ ကမ္ဘာ့ကလပ်ဖလား တစ်ကြိမ်၊ ယူအီးအက်ဖ်အေစူပါဖလား နှစ်ကြိမ် စတဲ့ ဖလား ခုနစ်လုံးကို ဆွတ်ခူးပေးခဲ့ပြီး ဖြစ်တဲ့ နည်းပြပါ။ ဒါပေမယ့် ဝေဖန်သူတွေကတော့ ဇီဒန်းဟာ နည်းပြ အတွေ့အကြုံ လုံလုံလောက်လောက်မရှိဘဲ ကိုင်တွယ်ခဲ့တာကြောင့် အရေးကြုံချိန်မှာ နည်းဗျူဟာ ခင်းကျင်းမှု ပုံစံကောင်းတစ်ရပ် မပြောင်းလဲနိုင်ခြင်းက ပွဲဆက်အရှုံးရဲ့ တရားခံလို့ ယိုးစွပ်နေကြတယ်။ ဒါပေမယ့် ဆက်တိုက် ရှုံးပွဲဆက်နေမှုအပေါ် ဇီဒန်း ဘာလို့ မတုန်လှုပ်သလဲဆိုတာ သူ့ရဲ့ ပြောစကားတွေကို ဆက်ပြီး ကြည့်လိုက်ရင် သိပါလိမ့်မယ်။

ဇီဒန်းက “အခုက ဆိုးရွားတဲ့ အခိုက်အတန့်ဖြစ်နေတယ်ဆိုတာ ကျွန်တော်တို့ လက်ခံရလိမ့်မယ်။ဒါပေမယ့် ပွဲတွေ အများကြီးကျန်နေသေးတာကြောင့် ကျွန်တော်တို့ ဦးခေါင်းတွေကို ထောင်မတ်ထားရပါမယ်၊ ကျွန်တော်တို့ ဖြစ်လေ့ဖြစ်ထမရှိတဲ့ အရာအချို့ကို မြင်တွေ့ခဲ့ရတယ်။မိုဒရစ်ဆိုလည်း ပြင်းထန်မှု မရှိဘူးဖြစ်နေတယ်။ဒီအတွက် အဖြေကတော့ ဒါဟာ ဘဝပါပဲ။ခင်ဗျားအနေနဲ့ သွားနေကျမဟုတ်တဲ့ လမ်းကြောင်းတွေလည်း လုပ်ဆောင်ဖို့ လိုအပ်တယ်ဆိုတာ လက်ခံရပါလိမ့်မယ်” လို့ ဆိုလိုက်ပါတယ်။

## သူ့ရဲ့ဘောလုံးဒဿန

ဇီဒန်းအနေနဲ့ ဒီလို အကျပ်အတည်းကာလကို ရီးယဲလ်ကို စတင်ကိုင်တွယ်ပြီး မကြာခင်အချိန်မှာပဲ ကြုံခဲ့ရဖူးပြီးဖြစ်ပါတယ်။ ပွဲဆက် သရေရလဒ်တွေနဲ့ ရှုံးပွဲတွေဆက် ဝုဖ်ဘတ်အသင်းကို နှစ်ဂိုးပြတ်နဲ့ အရေးနိမ့်ခဲ့မှုတွေ ကြုံတွေ့ခဲ့ရဖူးပေမယ့် ဇီဒန်း ဘာလုပ်ပြခဲ့သလဲဆိုတာ အားလုံးသိပြီးသားဖြစ်ပါလိမ့်မယ်။

ဇီဒန်းက နည်းပြဘဝမှာပဲ အောင်မြင်မှုရယူနိုင်တာ မဟုတ်ဘဲ ကစားသမားဘဝမှာလည်း ချန်ပီယံလိဂ်ဖလား၊ ကမ္ဘာ့ဖလား၊ ယူရိုဖလားတွေလို အမြင့်ဆုံးသော အောင်မြင်မှုတွေကို နိုင်ငံအသင်းနဲ့ရော ကလပ်အသင်းနဲ့ပါ ရယူခဲ့သူဖြစ်တာကြောင့် အောင်မြင်ခြင်းနဲ့ ရှုံးနိမ့်ခြင်းကြားက ဝေဖန်မှုဒဏ်တွေ၊ လက်ညှိုးထိုး ကဲ့ရဲ့ ပြစ်တင်သံတွေကို ယဉ်ပါးနေတဲ့သူဖြစ်ပါတယ်။ ဒါကြောင့် ပွဲတစ်ပွဲမှာ အနိုင်ရရင် ချီးမွမ်းကြမယ်၊ ဒါမှမဟုတ် အားနည်းချက်ကို စေ့စေ့စပ်စပ် လိုက်ရှာပြီး ဝေဖန်ကြဦးမယ်၊ ရှုံးနိမ့်ရင်တော့ ဟိုအရင်ကတည်းက ကိစ္စတွေကို အစထုတ်ပြီး ပြစ်တင်ကြမယ်ဆိုတာ သူကောင်းကောင်း သဘောပေါက်ပါတယ်။ ဒါကြောင့်လည်း “ ဒီအတွက် အဖြေကတော့ ဒါက ဘဝပဲဖြစ်ပါတယ်” လို့ သူယုံကြည်တဲ့ ဘောလုံးဒဿနာကို ထုတ်ပြောလိုက်တာဖြစ်ပါတယ်။

## အဆိုးတွေကြားက

ဇီဒန်းဟာ ကစားသမားဘဝ အနားမယူခင် နောက်ဆုံးကစားခဲ့တဲ့ ကမ္ဘာ့ဖလား ဗိုလ်လုပွဲမှာ တိုက်ရိုက်အနီကတ်နဲ့ ထုတ်ပယ်ခံခဲ့ရပါတယ်။ အဲဒီအချိန်တုန်းက ကမ္ဘာ့ဖလားချန်ပီယံဖြစ်သွားခဲ့ကြတဲ့ အီတလီကစားသမားတွေက ဇီဒန်းဟာ ဂျူဗင်တပ်မှာ ကစားခဲ့စဉ်ကတည်းက ဘောလုံးလူဆိုးတစ်ဦးဖြစ်တယ်ဆိုတဲ့ စွဲချက်တွေနဲ့အတူ ဇီဒန်းရဲ့ ကမ္ဘာကျော်ခေါင်းတိုက်ချက်ကို ပိုပြီး မကောင်းသတင်းထွက်လာအောင် သူတို့နည်း သူတို့ဟန်နဲ့ ရုပ်လုံးကြွလာအောင် လုပ်ဆောင်ခဲ့ကြပါတယ်။ ဒါပေမယ့် ဒီလို ပြစ်တင်တဲ့သူတွေထဲပါခဲ့တဲ့ ကန်နာဗာရိုးက ကိုယ်တိုင်ပဲ ရီးယဲလ်ကို ပြောင်းရွှေ့လာပြီး ဇီဒန်း ရီးယဲလ်မှာ ဝတ်ဆင်ခဲ့တဲ့ ကျောနံပါတ် ၅ ဂျာစီကို တောင်းဆို ဝတ်ဆင်ခဲ့တာပါ။ ဒါကြောင့် ဇီဒန်းအတွက် ရှုံးနိမ့်ရင်၊ အမှားဖြစ်ရင် လက်ညှိုးတွေ ဝိုင်းထိုးမယ်။ ဒါပေမယ့် တစ်ဖက်မှာလည်း ခေတ်ပြိုင်ကစားသမားတွေက သူရရှိတဲ့ အောင်မြင်မှုတွေကို ကျိတ်အားကျ အထင်ကြီးနေကြမယ်ဆိုတာကို သိထားသူဖြစ်ပါတယ်။

## ခယောင်းလမ်းထဲက ခပ်ကြမ်းကြမ်းဘဝလမ်း

ဒီလို အောင်မြင်တဲ့ ကစားသမားဘဝ ရောက်မလာခင် အခြားကစားသမားတွေလို နာမည်ကြီး အကယ်ဒမီကျောင်းက ပေါ်ထွက်လာခဲ့သူမဟုတ်ပါဘူး။ ၁၉၈၀ ခုနှစ် ဝန်းကျင်ကာလတွေက ညဘက်ခိုးဆိုးလုယက်မှုတွေ ပေါတဲ့ မာဆေးလ်မြို့ရှိ ကုန်လှောင်ရုံရဲ့ ညစောင့်အလုပ်လုပ်ရတဲ့ ဖခင်နဲ့ အိမ်ရှင်မ သက်သက် မိခင်တို့နှစ်ဦးက ပေါက်ဖွားဆင်းသက်လာပြီး မွေးချင်းငါးယောက်အနက် အငယ်ဆုံးသားဖြစ်ပါတယ်။ သူဟာ တာတာနီ ပလာဇာရွှေ့ကွက်လပ်၊ သူတို့နေထိုင်တဲ့ အိမ်ရာတွေ ရွှေ့ကွက်လပ် တွေမှာ အိမ်နီးချင်းတွေနဲ့ ဘောလုံးကို စတင်မြည်းစမ်းလာခဲ့သူဖြစ်ပါတယ်။ အသက်၁၀ နှစ်အရွယ်မှာ ကစားသမား လိုင်စင်ရယူနိုင်ခဲ့ပြီး ကိန်းအသင်းကစားသမားဟောင်း ဂျမ်းဘာရက်ရဲ့ ထောက်ခံမှုနဲ့ အတူ ကိန်း အကယ်ဒမီကို အသက် ၁၄ နှစ်အရွယ်မှာ ရောက်ရှိလာခဲ့ပြီးနောက် လေ့ကျင့်ရေးမှူး ဂျမ်းကလော်ဒီရဲ့ အားပေးမှုနဲ့အတူ သူ့ဘဝ ဟန်ချက်ညီမှုကို ရှာဖွေဖို့ ကြိုးစားခဲ့ရပါတယ်။ ဇီဒန်းက အယ်လ်ဂျီးရီးယားနွယ်ဖွားဖြစ်တာကြောင့် သူ့မိသာစု၊ မျိုးနွယ် ဒါတွေနဲ့ပတ်သက်ရင် အင်မတန်မှကို အကဲဆတ်လွန်းသူ၊ နာကျင်တတ်လွန်းသူဆိုတာကို သူ့ရဲ့ လက်ဦးဆရာများက သတိထားမိခဲ့ကြတယ်။

ဒါပေမယ့် ဘော်ဒိုးအသင်းကို ရောက်ရှိလာပြီး လေးရာသီအတွင်း ယူအီးအက်ဖ်အေဖလားမှာ ဒုတိယ၊ အင်တာတိုတို ဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက်မှာတော့ ဘော်ဒိုးအသင်းရဲ့ ထာဝရအကောင်းဆုံး ကစားသမားစာရင်းမှာ ပါဝင်ခဲ့ပါတယ်။ သူဟာ ၁၉၉၆ ခုနှစ်မှာတော့ ပြင်သစ်လက်ရွေးစင်အသင်းကို ယူရိုဖလား ဆီမီးဖိုင်နယ်အထိ တက်လှမ်းနိုင်အောင် ကူညီပေးခဲ့သလို ဘော်ဒိုးအသင်းမှာလည်း အကောင်းဆုံးစွမ်းဆောင်ရည်ကို ပြသခဲ့ပါတယ်။ အဲဒီနောက် ဂျူဗင်တပ်၊ ရီးယဲလ်မက်ဒရစ်အသင်း တွေဆီမှာတော့ သူရဲ့ အကောင်းဆုံးခြေစွမ်းကို ပြသနိုင်ပြီးနောက် ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလား ဗိုလ်လုပွဲအပြီးမှာတော့ မြက်ခင်းစိမ်းကို ကျောခိုင်းပြီး ကစားသမားဘဝကနေ အနားယူသွားပါတယ်။

## အကောင်းဆုံး ပြောင်းလဲနိုင်မယ့်သူ

ရလဒ်ဆိုးတွေကြောင့် ဇီဒန်းရဲ့ ပြီးခဲ့တဲ့ နွေဈေးကွက်အတွင်း ချမှတ်ခဲ့တဲ့ ဆုံးဖြတ်ချက်အချို့ကို အဓိကထား ဝေဖန်နေကြတာကိုလည်း တွေ့ရပါတယ်။ နောက်ခံလူအများအပြားကို ထွက်ခွာခွင့်ပေးခဲ့တာနဲ့ မိုရာတာနဲ့ ဂျမ်းစ်ရိုဒရီဂွက်ဇ်တို့လို တိုက်စစ်အားသန်သူတွေကို ထုတ်ရောင်းခဲ့တဲ့အပေါ် အဓိက ထောက်ပြနေကြတာဖြစ်ပါတယ်။ မှန်ပါတယ်။ ဒီနှစ်ရီးယဲလ်အသင်း လူစာရင်းဟာ ပြီးခဲ့တဲ့ နှစ်ကလောက် တောင့်တင်းမှုမရှိတော့ဘဲ လူငယ်တွေကို အလှည့်ကျ ပွဲထွက်ခွင့်ပေးတာကြောင့် လူစာရင်းက အပြောင်းအလဲတွေ ဆက်တိုက်ဖြစ်နေတာဖြစ်ပါတယ်။ ဒါပေမယ့် ရီးယဲလ်ရဲ့ ကွင်းလယ်အင်အား၊ ရှေ့တန်းနဲ့ နောက်တန်း ခံစစ်နေရာကတော့ ပထမ ပွဲထွက်စာရင်းဟာ အတောင့်တင်းဆုံး အသင်းအဖြစ်ကနေ လျော့မသွားသေးတာကြောင့် ဒီလူစာရင်းကိုပဲ အမှီပြုပြီး ဇီဒန်း ပြောင်းလဲ ပြဦးမှာပါ။ သေချာပေါက် ပြောင်းလဲ ပြဦးမှာပါ။ ။

## ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၄) အနိုင်/အရှုံးရလဒ်များ

| | | |
|---|---|---|
| ဘီဆီတပ်စ် | ၁ - ၁ | မိုနာကို |
| ပေါ်တို | ၃ - ၁ | လိုက်ပ်ဇစ်ပ် |
| ဒေါ့မွန် | ၁ - ၁ | အေပိုရယ် |
| စပါး | ၃ - ၁ | ရီးယဲလ် |
| လီဗာပူး | ၃ - ၀ | မာရီဘော |
| ဆီဗီလာ | ၂ - ၁ | စပါးတပ်စ်မော်စကို |
| ရှက်တာဒိုးနက် | ၃ - ၁ | ဖီယင်နော့ဒ် |
| နာပိုလီ | ၂ - ၄ | မန်စီးတီး |

ခိုင်ဝင်း



## ဒယ်လီ၏ သွင်းဂိုး လူကျွံနေ

စပါးကွင်းလယ်လူ ဒယ်လီအယ်လီ၏ ရီးယဲလ်ဘက်သို့ သွင်းယူသည့် သွင်းဂိုးနှစ်ဂိုးအနက် ဦးဆောင်ဂိုးမှာ လူကျွံဘောသာဖြစ်သည်ကို ဗီဒီယို ပြကွက်များတွင် အထင်အရှား မြင်တွေ့ရသည်။ စပါးအသင်းသည် ဟယ်ရီဝင့်စ်ထံမှ ဘောလုံးလမ်းကြောင်း စခဲ့ပြီးချိန်ကတည်းက လူကျွံအနေအထားဖြစ်နေခဲ့ပြီး အယ်လီကိုယ်တိုင်ကလည်း ဂိုးသွင်းယူစဉ် လူကျွံနေခဲ့ခြင်းဖြစ်သည်။

သို့သော် ဒိုင်ဖြစ်သူက ယင်းဂိုးကို ခွင့်ပြုခဲ့ရာ ရီးယဲလ်မက်ဒရစ်အသင်း နစ်နာခဲ့သော်လည်း စပါးမှာမူ ရှုံးထွက်အဆင့်သို့ စောစောစီးစီးပင် တက်ရောက်သွားပြီဖြစ်သည်။ အယ်လီအနေဖြင့် နောက်ဆုံးကစားခဲ့သည့် လေးပွဲတွင် ယင်းသို့ လူကျွံအနေအထားမှ သွင်းယူသော ဂိုးမှာ ယခုဂိုးနှင့် ဆိုပါက တတိယမြောက်ဖြစ်သည်။

---

## တင်းနစ်ကစားသမား ဖြစ်ချင်ခဲ့တဲ့ ဟူဂိုလိုရစ်

စပါးဂိုးသမား ဟူဂိုလိုရစ်က ငယ်ဘဝတွင် တင်းနစ်ကစားသမားတစ်ဦးဖြစ်ရေး အိပ်မက်ဖြင့် ကြီးပြင်းလာခဲ့ပြီး ဘောလုံးသမားဘဝထက် တင်းနစ်စတားတစ်ဦးသာ ဖြစ်ချင်ခဲ့ကြောင်း ဖွင့်ဟပြောကြားလိုက်သည်။

ဟူဂိုလိုရစ်သည် ပြင်သစ်လက်ရွေးစင်အသင်း ခေါင်းဆောင်တစ်ဦးဖြစ်သော်လည်း သူက “ကျွန်တော်က ရက်ကက်(တင်းနစ်ရိုက်တံ)နဲ့ ဘဝကို စခဲ့တဲ့သူဗျ၊ သူငယ်ချင်းတွေနဲ့ တင်းနစ်ကစားတယ်၊ အားချိန် ဘောလုံးကန်ချင်ကန်တယ်၊ ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ် ဂိုးသမားဖြစ်မယ်လို့ တစ်ခါမှ မတွေးမိခဲ့ဘူး” ဟု ပြောကြားခဲ့သည်။



# ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန်ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို အမျိုးသားလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

၂၃။ ထိခိုက်နစ်နာသူ မိသားစုများ၏ လူမှုစီးပွားရေးဘဝ ထိခိုက်နစ်နာမှုများနှင့် ပတ်ဝန်းကျင်ထိခိုက်မှု အလားအလာများကို စိစစ်ခြင်း ဆောင်ရွက်မည့်အဖွဲ့သည် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအလားအလာများကို စိစစ်နိုင်ရန် ထိခိုက်ခံရသူများ၊ ပတ်ဝန်းကျင်ရှိ ဆက်စပ်ပတ်သက်သည့်ဒေသခံများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အမျိုးသား အမျိုးသမီးခေါင်းဆောင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသအာဏာပိုင်အဖွဲ့ဝင်များ စသည့် ပါဝင်ပတ်သက်သူများနှင့် တွေ့ဆုံဆွေးနွေးသဘောထား အမြင်ရယူခြင်းနှင့် မြေပြင်အမှန် ကွင်းဆင်းစစ်ဆေးခြင်း၊

(ခ) ထိခိုက်နစ်နာသူ မိသားစုများ၏ လူမှုစီးပွားရေးဘဝ ထိခိုက်မှုများကို စိစစ်နိုင်ရန် ထိခိုက်ခံရသူများ၊ ပတ်ဝန်းကျင်ရှိ ဆက်စပ်ပတ်သက်သည့် ဒေသခံများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအမျိုးသား အမျိုးသမီးခေါင်းဆောင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသအာဏာပိုင်အဖွဲ့ဝင်များ စသည့် ပါဝင်ပတ်သက်သူများနှင့် တွေ့ဆုံဆွေးနွေး သဘောထားအမြင်ရယူခြင်းနှင့် မြေပြင်အမှန်ကွင်းဆင်းစစ်ဆေးခြင်း၊

(ဂ) မြေပြင်ကွင်းဆင်း စစ်ဆေးတွေ့ရှိချက်များကို မှတ်တမ်းတင်ခြင်း။

၂၄။ ပြန်လည်ထူထောင်ရေး အဆိုပြုလွှာနှင့်ပတ်သက်သည့် လေ့လာဆန်းစစ်မှုများ ပြုလုပ်ရာတွင် ထိခိုက်နစ်နာသူ မိသားစုများ၏ ပကတိဘဝကိုက်ညီမှုအခြေအနေကို စိစစ်ခြင်းဆောင်ရွက်မည့် အဖွဲ့ခွဲသည် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ဆောင်ရွက်ရမည့် တာဝန်များ -

(၁) အစားထိုး ပေးအပ်သည့်မြေ၏ သင့်လျော်မှုအခြေအနေ၊

(၂) အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်သည့် အခြေအနေ၊

(၃) ယာယီထောက်ပံ့ကြေး ပံ့ပိုးပေးမည့် အစီအစဉ်နှင့် လုံလောက်မှု အခြေအနေ၊

(၄) မိသားစု အသက်မွေးမှု ဆက်လက်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနများ၏ ပံ့ပိုးပေးသင့်သည့် အစီအစဉ်များ၊

(၅) ပညာရေး၊ ကျန်းမာရေးစသည့် ကူညီစောင့်ရှောက်မှုလုပ်ငန်းများ စနစ်တကျလည်ပတ်နိုင်ရန် အစီအစဉ်များ၊

(၆) ဒေသခံများက တောင်းဆိုသည့် ပြန်လည်ထူထောင်ရေးအတွက် အခြားကိစ္စရပ်များ ဆောင်ရွက်ပေးသင့်သည့် အစီအစဉ်များ။

(ခ) ဆောင်ရွက်ရမည့်နည်းလမ်းများ -

(၁) ပုဒ်မခွဲ (က) ပါအချက်များကို မြေပြင်ကွင်းဆင်းစစ်ဆေးရန်ဖြစ်သည်၊

(၂) စစ်ဆေးရာတွင် မြေအလိုရှိသည့်အဖွဲ့အစည်း/ဌာနမှ ကိုယ်စားလှယ်၊ အသိမ်းခံမြေနှင့် ဆက်စပ်ပတ်သက်သည့် အကျိုးစီးပွားထိခိုက်နစ်နာသူများနှင့် ယင်းတို့၏ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ ကျွမ်းကျင်သူများ၊ အခြားလိုအပ်သည့် ပုဂ္ဂိုလ်အဖွဲ့အစည်းများနှင့်အတူ ဆောင်ရွက်ရန်ဖြစ်သည်။

(ဂ) ထိုသို့စစ်ဆေးရာတွင် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် လိုအပ်သည့် အထောက်အထားများ တောင်းယူကြည့်ရှုခွင့်နှင့် မိတ္တူရယူခွင့်၊ တိုက်ဆိုင်စစ်ဆေးခွင့်၊ သက်ဆိုင်သည်ဟု မှတ်ယူရသူများအား ခေါ်ယူမေးမြန်းခွင့်အစရှိသည့် လုပ်ပိုင်ခွင့်များ ဆောင်ရွက်ခွင့်ရှိသည်။

၂၅။ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ခွဲအသီးသီးသည် လုပ်ငန်းနှင့် သက်ဆိုင်သည့် ဌာနဆိုင်ရာများနှင့် ကျွမ်းကျင်သူများ၏ သဘောထားမှတ်ချက်ကို လွတ်လပ်စွာတောင်းပိုင်ခွင့်ရှိစေရမည်။ သက်ဆိုင်သည့် ဌာနများကလည်း ပံ့ပိုးဆောင်ရွက်မှုပေးရမည်။

၂၆။ မြေပြင်ကွင်းဆင်းစစ်ဆေးသည့်အဖွဲ့ခွဲ အသီးသီးတို့သည် မိမိတို့စိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်နှင့် သဘောထားမှတ်ချက်တို့ကို မြေသိမ်းယူမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့သို့ အစီရင်ခံစာများ ပြုစုတင်ပြရမည်။

၂၇။ မြေပြင်ကွင်းဆင်းစစ်ဆေးသည့် အဖွဲ့ခွဲအသီးသီး၏ အစီရင်ခံစာများအပေါ် မြေသိမ်းယူမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့က စုစည်း၍ မိမိတို့၏ သုံးသပ်ချက်၊ သဘောထားတင်ပြချက်တို့ ပါဝင်သည့် အစီရင်ခံစာကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ တင်ပြရမည်။

၂၈။ မြေသိမ်းယူမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့၏ သုံးသပ်ချက်၊ သဘောထားတင်ပြချက်တို့အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသည် မိမိ၏ ဆုံးဖြတ်ချက်သဘောထားကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြခြင်း မပြုမီ သက်ဆိုင်သည့် ထိခိုက်နစ်နာသူမိသားစုများ သိရှိစေရန် ထုတ်ပြန်ကြေညာရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက ထိုသို့ ထုတ်ပြန်သည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း တရားရုံးသို့ တင်ပြ၍ ဥပဒေအရ ကုစားမှုကို ခံယူပိုင်ခွင့်ရှိကြောင်းကိုလည်း တစ်ပါတည်းဖော်ပြရမည်။

၂၉။ မြေသိမ်းယူမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့၏ တင်ပြချက်အပေါ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသည် မိမိတို့၏ သဘောထားမှတ်ချက်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့တင်ပြရာတွင် မြေသိမ်းယူခွင့် အမိန့်မူကြမ်းကိုပါ တစ်ပါတည်း ပြုစုတင်ပြရမည်။

၃၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ၏ တင်ပြချက်အပေါ် ပြည်ထောင်စုအစိုးရအဖွဲ့သည် မြေကိုအဆိုပြုသည့်အတိုင်း သိမ်းယူရန် ခွင့်ပြုခြင်းနှင့် အဆိုပြုသည့် မြေဧရိယာအပေါ် မည်သည့် အတိုင်းအတာထိသာ ခွင့်ပြုကြောင်း ဆွေးနွေးကာ ဆုံးဖြတ်ချက်ချမှတ်ရမည်။ ထိုသို့ ဆုံးဖြတ်ချက်ချရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ၏ ဆုံးဖြတ်ချက်ကို မကျေနပ်၍ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူရန် လျှောက်ထားတင်ပြထားမှုများရှိပါမူ တရားရုံး၏ ဆုံးဖြတ်ချက်အမိန့်ကို စောင့်ဆိုင်းရမည်။

၃၁။ မြေသိမ်းယူရန် အလိုရှိကြောင်း အသိပေးကြော်ငြာစာ ထုတ်ပြန်ပြီးဖြစ်သော်လည်း သက်ဆိုင်ရာ မြေသိမ်းပေးရန် အဆိုပြုသူမှ အဆိုပြုလွှာကို ရုပ်သိမ်းခြင်းကြောင့်ဖြစ်စေ၊ မြေသိမ်းယူမှု အကောင်ထည်ဖော်ဆောင်ရွက်ရေးအဖွဲ့ သို့မဟုတ် တရားရုံးမှ မြေသိမ်းယူမှုမပြုသင့်ကြောင်း ဆုံးဖြတ်ခဲ့မှုများအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့မှ အတည်ပြုလျှင်ဖြစ်စေ၊ မြေသိမ်းယူမှုအကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့၏ စိစစ်တွေ့ရှိချက်အရ သိမ်းယူရန် မလိုအပ်သည့်မြေများ ပါဝင်နေခဲ့လျှင် ဖြစ်စေ၊ မြေသိမ်းယူရန် အလိုရှိကြောင်း အသိပေးကြော်ငြာစာကို ပြန်လည်ပယ်ဖျက်၍ မြေသိမ်းလုပ်ငန်းများကို ပြင်ဆင်ထုတ်ပြန်ခြင်း သို့မဟုတ် ရပ်စဲခြင်းပြုလုပ်ရမည်။

၃၂။ ပုဒ်မ ၃၁ ပါ ဆုံးဖြတ်ချက်များကို ပြင်ဆင်အမိန့်ချမှတ်ပေးရန်အတွက် မြေသိမ်းယူရန် အဆိုပြုသူမှ နိုင်ငံတော်သမ္မတထံ အသနားခံလွှာတင်ပြနိုင်ခွင့်ရှိစေရမည်။ ယင်းအသနားခံလွှာ တင်ပြခြင်းအပေါ် နိုင်ငံတော်သမ္မတသည် သင့်လျော်သည်ဟု ထင်မြင်ယူဆသည့်အမိန့်ကို ချမှတ်နိုင်သည်။

၃၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရ နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော် သမ္မတက လွှဲအပ်သည့် ပြည်ထောင်စုဝန်ကြီးသည် မြေသိမ်းယူရန် အမိန့်ကို ထုတ်ပြန်ကြေညာရမည်။

## အခန်း (၆)
## မြေကိုသိမ်းယူမည်ဖြစ်ကြောင်း ကြေညာခြင်းနှင့် မြေလက်ရောက်သိမ်းယူခြင်း

၃၄။ (က) နိုင်ငံတော်သမ္မတက ထုတ်ပြန်သည့် မြေကိုသိမ်းယူမည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာတွင် အောက်ပါအချက်များ ပါရှိရမည်-

(၁) မြေတည်ရှိရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စု၊ ကွင်း/အကွက်၊ စိစစ်အတည်ပြုပြီးဖြစ်သည့် မြေဧရိယာ၊ မြေအမျိုးအစားစသော မြေနှင့်ပတ်သက်သည့် အကြောင်းအရာများ၊

(၂) အများပြည်သူအတွက် သို့မဟုတ် မည်သည့်ဌာန၊ အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်ရန်အတွက် သိမ်းယူရန် အလိုရှိရခြင်း အကြောင်းပြချက်၊

(၃) မြေသိမ်းယူမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့သို့ တာဝန်ပေးအပ်မှု။

(ခ) အဆိုပါ အမိန့်ကြော်ငြာစာနှင့်အတူ မြေသိမ်းခံပြည်သူတို့နှင့် ညှိနှိုင်းသဘောတူညီပြီးဖြစ်သည့် ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားရေးဘဝပြန်လည်ထူထောင်ရေး လျာထားချက်အကျဉ်းပူးတွဲဖော်ပြပါရှိစေရမည်။

၃၅။ မြေကိုသိမ်းယူမည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာကို မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်း၍ အများပြည်သူသို့ ထုတ်ပြန်ပြီးသည်နှင့် တစ်ပြိုင်နက် အောက်ပါအချက်များကို မြေသိမ်းယူမှု အကောင်အထည်ဖော်ရေးအဖွဲ့က လိုအပ်သလို ဆက်လက်ဆောင်ရွက်ရမည်-

(က) မြေသိမ်းမိန့်ကို အများပြည်သူသို့ ထပ်ဆင့် ထုတ်ပြန်ကြေညာခြင်း၊

(ခ) သိမ်းဆည်းမည့်မြေကို လိုအပ်ပါက ကွင်းဆင်းစစ်ဆေးမှတ်သားခြင်းနှင့် မြေသိမ်းလျော်ကြေး တွက်ချက်ထုတ်ပေးခြင်း၊

(ဂ) မြေကို လက်ရောက်သိမ်းယူခြင်း။

၃၆။ မြေသိမ်းမိန့်ကို အများပြည်သူသို့ ထုတ်ပြန်ကြေညာခြင်းနှင့် စပ်လျဉ်း၍ အဖွဲ့၏ အတွင်းရေးမှူးက တာဝန်ခံပြီး အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) မြေကို သိမ်းယူမည်ဖြစ်ကြောင်း ကြော်ငြာစာကို နေ့စဉ်ထုတ်သတင်းစာများ၊ ဒေသထုတ် သတင်းလွှာများ (ရှိပါက) တွင် သတ်မှတ်ကာလအတွင်း အနည်းဆုံး ၂ ကြိမ် ထည့်သွင်းဖော်ပြကြေညာရမည့်အပြင်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီရုံး ကြော်ငြာသင်ပုန်းတွင် ကပ်၍လည်း ကြော်ငြာရမည်။ ထို့ပြင်မြေတည်ရှိရာဒေသမှ အောက်ပါနေရာများရှိ အများပြည်သူဆိုင်ရာ ကြော်ငြာသင်ပုန်းတွင်လည်း ကြေညာချက် မိတ္တူများကိုကပ်လျက် အများပြည်သူသိရှိစေရန် ထုတ်ပြန်အသိပေးရမည်။ အဆိုပါအမိန့် ကြော်ငြာစာကို လိုအပ်ပါက ဒေသသုံးဘာသာစကားဖြင့် ပူးတွဲဖော်ပြကြော်ငြာရမည် -

(၁) မြေတည်ရာဒေသ၏ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊

(၂) မြေတည်ရာဒေသ၏ မြို့နယ်တရားရုံး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးနှင့် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၊

(၃) သိမ်းရန်ရည်ရွယ်သည့် မြေအနီးတွင် အများပြည်သူ သိမြင်လွယ်သည့် နေရာများ၌ ဤကိစ္စအလို့ငှာ ပြုလုပ်သည့် ကြော်ငြာသင်ပုန်း။

(ခ) ရုပ်မြင်သံကြားနှင့် အသံလွှင့်မီဒီယာများတွင် ထည့်သွင်းဖော်ပြရေးကို သီးခြားဆောင်ရွက်ရမည်။

(ဂ) ထိခိုက်နစ်နာသူမိသားစု တစ်စုချင်းထံသို့လည်း အမိန့်ကြော်ငြာစာ မိတ္တူပူးတွဲလျက် အသိပေးအကြောင်းကြားစာကို တရားမကျင့်ထုံးဥပဒေနှင့်အညီ ပေးပို့အကြောင်းကြားရမည်။

၃၇။ မြေပြင် ကွင်းဆင်း စစ်ဆေး မှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ်တွင် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) မြေပြင်ကွင်းဆင်းစစ်ဆေးမှတ်တမ်းယူမည်ကို အကျိုးစီးပွားသက်ဆိုင်သူများသို့ ၃ ရက် ကြိုတင်အကြောင်းကြားခြင်း၊

(ခ) မြေပြင်ကွင်းဆင်းတိုင်းတာမှတ်သားရာတွင် မြေတွင်အကျိုးစီးပွားသက်ဆိုင်သူ သို့မဟုတ် ယင်း၏တရားဝင်ကိုယ်စားလှယ်နှင့်အတူ အောက်ပါအချက်များကို စစ်ဆေးမှတ်တမ်းတင်ရမည်-

(၁) မြေတွင်အကျိုးစီးပွားသက်ဆိုင်သူနှင့် မိသားစုဝင်များစာရင်း၊ ယင်းတို့၏ အသက်မွေးမှုအခြေအနေ၊ မိသားစုပိုင် ကျွဲ၊ နွားတိရစ္ဆာန်တို့နှင့် စက်ကိရိယာများစာရင်း၊

(၂) မြေ၏တည်နေရာ၊ အကျယ်အဝန်း၊ မြေအမျိုးအစား၊ အတန်းအစားနှင့် ပုဒ်မ ၁၄ အရ မြေကို အလိုရှိကြောင်း ကြော်ငြာသည့်နေ့ရှိ မြေ၏ ဈေးကွက်ပေါက်ဈေး၊

(၃) မြေပေါ်ရှိ အဆောက်အဦ၏ သက်တမ်း၊ ဆောက်လုပ်ထားရှိမှု အနေအထားနှင့် ပုံစံ၊ ကာလတန်ဖိုး၊

(၄) မြေပေါ်ရှိနှစ်ရှည်ပင်များ၏ အမျိုးအစား၊ အရေအတွက်၊ တစ်ပင်ချင်း၏ သက်တမ်းနှင့် တန်ဖိုး၊ အပင်မှ အကျိုးခံစားခွင့် ရရှိမှု ၃ နှစ် ပျမ်းမျှတန်ဖိုး၊

(၅) ရာသီသီးနှံများ၏ အမျိုးအစား၊ အရေအတွက်၊ ရင့်မှည့်မှုအခြေအနေနှင့် အကျိုးခံစားခွင့်ရရှိမှု ၃ နှစ် ပျမ်းမျှတန်ဖိုး၊

(၆) မြေကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ထားမှုများအတွက် ကုန်ကျစရိတ်၊

(၇) တစ်စိတ်တစ်ပိုင်းသိမ်းယူမှုကြောင့် ဖြစ်ပေါ်လာသည့် နစ်နာမှုများ၏ တန်ဖိုး။

(ဂ) မြေပြင်ကွင်းဆင်းတိုင်းတာ မှတ်သားရာတွင် ထိခိုက်နစ်နာသူ မိသားစုများအတွက် အောက်ပါအချက်များကို စစ်ဆေးမှတ်တမ်းတင်ရမည်-

(၁) မြေသိမ်းယူခံရမှုကြောင့် ယင်းမြေပေါ်တွင် အသက်မွေးဝမ်းကျောင်းနှင့် အလုပ်အကိုင် အခွင့်အလမ်း ထိခိုက်နစ်နာဆုံးရှုံးမှုများ၊

(၂) သိမ်းယူခံရသည့်မြေနှင့် ထိစပ်နေသည့် မြေများအတွက် အကျိုးဆုတ်ယုတ် ထိခိုက်နစ်နာမှုများ။

(ဃ) ကွင်းဆင်းတိုင်းတာမှတ်သားရာတွင် လိုအပ်မှုအခြေအနေအရ နယ်နိမိတ်မှတ်တိုင်များကို မြေသိမ်းပေးရန် အဆိုပြုသူ၏ကုန်ကျစရိတ်ဖြင့် မြင်သာစွာစိုက်ထူမှတ်သားပေးရမည်။

(င) ကွင်းဆင်းတိုင်းတာမှတ်တမ်းတင်မှုကို မြေတွင်အကျိုးစီးပွားသက်ဆိုင်သူနှင့် ထိခိုက်နစ်နာသူမိသားစုတစ်စုချင်းသို့ အသိပေးရမည်။

(စ) ကွင်းဆင်းတိုင်းတာမှတ်သားမှု လုပ်ငန်းပြီးစီးပါက သက်ဆိုင်ရာကာယကံရှင်များ၏ အတည်ပြုချက်ဖြင့် မှတ်တမ်းတင်ထားသည့် အချက်များကို စာရင်းဇယားဖြင့် အများပြည်သူသို့ ထုတ်ပြန်အသိပေးရမည်။

၃၈။ မြေသိမ်းလျော်ကြေးထုတ်ပေးရေးလုပ်ငန်းစဉ်တွင် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ကွင်းဆင်းမှတ်တမ်းများအရ မြေတွင် အကျိုးစီးပွားသက်ဆိုင်သူများသို့ ထုတ်ပေးရမည့်လျော်ကြေးငွေနှင့် ထိခိုက်နစ်နာသူမိသားစုများသို့ထုတ်ပေးရမည့် နစ်နာကြေးတို့ကို ဤဥပဒေအရ ပြုသည့် နည်းဥပဒေများအရ ညီညွတ်မျှတမှန်ကန်စွာ တွက်ချက်၍ ပေးလျော်ရန် လျာထားချက်များကို မြေသိမ်းယူမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့၏ အစည်းအဝေးတွင် တင်ပြအတည်ပြုချက်ယူရမည်၊

(ခ) မြေသိမ်းယူမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့၏ အတည်ပြုချက်ရရှိထားသော စာရင်းအရ ပေးလျော်ရမည့် လျော်ကြေးငွေနှင့် နစ်နာကြေးများကို မြေသိမ်းပေးရန် အဆိုပြုသူက အပြည့်အဝ လက်ရောက်လွှဲအပ်စေရန်အတွက် အကြောင်းကြားရမည်၊

(ဂ) ပေးလျော်ရမည့်ငွေများ အပြည့်အဝ လက်ရောက်မရရှိပါက မြေသိမ်းလုပ်ငန်းများ ရပ်ဆိုင်းထားရမည်၊

(ဃ) အတည်ပြုထားသော လျော်ကြေးနှင့် နစ်နာကြေးတောင်းခံရမည့်သူများနှင့် ပေးအပ်မည့်ပမာဏ၊ နောက်ဆုံးထားတောင်းခံရမည့်နေ့ရက်၊ တင်ပြတောင်းခံရမည့် ပုဂ္ဂိုလ်နှင့် တင်ပြတောင်းခံရမည့် နေရာတို့ကို အများပြည်သူသိရှိစေရန် အောက်ပါအတိုင်း ကြေညာရမည်-

(၁) ပုဒ်မ ၃၆၊ ပုဒ်မခွဲ (က) ပါအတိုင်း ဆိုင်ရာရုံးဌာနများနှင့် အများပြည်သူ အလွယ်တကူတွေ့ရှိနိုင်မည့် နေရာများတွင် စွဲကပ်၍ ကြေညာရမည်၊

**ဆက်လက်ဖော်ပြပါမည်။**

# တန်ဆောင်မုန်းလပြည့်နေ့မှာ ဆေးဖက်ဝင် မဲဇလီဖူးသုပ်စားကြပါစို့

ပါမောက္ခဒေါက်တာဘုတလင်ထွန်းလင်း(မန္တလေးမြို့)

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တန်ဆောင်မုန်းလပြည့်နေ့ရောက်တိုင်း မီးထွန်းပွဲတော် ကျင်းပကြသည်မှာ အစဉ်အလာ တစ်ခုပင်ဖြစ်သည်။ ထို့ကြောင့် ဤလ၊ ဤအချိန်ရောက်လျှင်ဖြင့် အိမ်တိုင်းအိမ်တိုင်းမှာ ဆီမီး၊ လျှပ်စစ်မီးထွန်းညှိမှုနှင့် ဘုရား၊ ကျောင်းတို့မှာလည်း မီးပူဇော်ကြသည်မှာ ထုံးတမ်းစဉ်လာတစ်ရပ်ပင်ဖြစ်သည်။ ထို့အပြင် မီးပုံးပျံကောင်းကင်လွှတ်တင်၍ တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိစေတီကို မီးပူဇော်ကြခြင်းနှင့် မီးရှူးမီးပန်းများလွှတ်ကြခြင်းတို့ ရှိကြပါသည်။ ဤနေ့ရက်မှာ တောင်ကြီး၊ ပြင်ဦးလွင်မြို့တို့တွင် မီးပုံးပျံလွှတ်တင်ပွဲကြီးများဖြင့် အကြီးအကျယ် လူစည်ကားစွာ မီးပုံးပျံပွဲတော်ကို ကျင်းပကြသောနေ့ဖြစ်ပါသည်။

**တန်ဆောင်တိုင် မီးထွန်းပွဲတော်**

ဤကဲ့သို့ တန်ဆောင်မုန်းလပြည့်နေ့မှာ မီးထွန်းပွဲတော်ကြီးဖြစ်လာရခြင်း အကြောင်းရင်းကတော့ သီတင်းကျွတ်လပြည့်နေ့မှာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် တာဝတိံသာနတ်ပြည်မှာ မယ်တော်မိနတ်သားကို တရားဟောပြီး လူ့ပြည်ပြန်ကြွလာစဉ် လူအများက အလင်းရောင်ဖြင့် မီးပူဇော်၍ ၎င်းမီးရှူးမီးပန်းများဖြင့် ကြိုဆိုကြသည်ဟု သိရပါသည်။

ယင်းအပြင် တရားဓမ္မ ဟောကြားစဉ် ညအခါ၌ အမှောင်ထုကိုဖယ်ရှား၍ အလင်းရောင်ရစေခြင်းအလို့ငှာ မီးပူဇော်ခြင်း၊ ဆီမီး အလင်းရောင်ဖြင့် လမ်းပြခြင်းတို့ကို အကြောင်းပြု၍ ယခု တန်ဆောင်မုန်းလပြည့်နေ့ကို တန်ဆောင်တိုင် မီးထွန်းပွဲတော် ဖြစ်လာရသည်ဟု တွေ့ရပါသည်။

ထို့အပြင် ညတရားပွဲများ၌ ဧည့်ခံကျွေးမွေးရာတွင်လည်း မဲဇလီဖူးသုပ်တို့ဖြင့် ကျွေးမွေးစေပြီး လပြည့်နေ့ညသန်းခေါင်ယံအချိန်တွင် မဲဇလီဖူးသုပ်စားလျှင် ဆေးဖက်ဝင်သည်။ ရောဂါပျောက်ကင်းချမ်းသာပြီး အသက်ရှည်စေသည်ကိုလည်း လူတိုင်းသိရှိလာကာ တချို့ကစောစောမအိပ်ဘဲ သန်းခေါင်ယံမှာ မဲဇလီဖူးသုပ်စားပြီးမှ အိပ်ကြပြီး အိပ်နေသောလူတွေကလည်း ညသန်းခေါင်ယံမှာ မဲဇလီဖူးသုပ်ထ၍စားပြီးမှ ပြန်အိပ်ကြသည်ကို နှစ်စဉ်တွေ့မြင် ကြားသိနေကြပါသည်။

တချို့လူတွေမှာ ဘုရားတွေမီးပူဇော်ပြီး တစ်ညလုံးမအိပ်ကြဘဲနေကြသည်ကို တွေ့မြင်ရပါသည်။ ထို့ကြောင့် တန်ဆောင်မုန်းလပြည့် ညသန်းခေါင်ယံအချိန် ဆေးဖက်ဝင်မဲဇလီဖူးသုပ်အကြောင်း သိရှိစေရန်တင်ပြရလျှင် တန်ဆောင်မုန်းလပြည့်နေ့ည သန်းခေါင်ယံ မွန်းတည့်ချိန်တွင် လမင်းသည်လည်း လပြည့်ညဖြစ်၍ အခါတိုင်းညထက် လွန်စွာပို၍လင်းပပြီး ဆွဲငင်အား ကောင်းသောအချိန်အခါလည်းဖြစ်ပါသည်။ လ၏ဆွဲငင် အားကြောင့် မြေပြင်တွင်ရှိသော ပင်လယ်ဒီရေတောင်မှ မြင့်တက်ရသည်ကိုလည်း လူအများအသိပင်ဖြစ်ပါသည်။

**ဆေးဖက်ဝင် အပင်**

ထို့ကြောင့် ကြတ္တိကာနက္ခတ်ခေါ် ဖျောက်ဆိပ်ကြယ်မှာလည်း မွန်းတည့်ချိန်ဆွဲအားကောင်းကောင်းနှင့် လမင်းကလည်း လပြည့်ညဆွဲအားကောင်းကောင်းတို့ တန်ဆောင်မုန်းလပြည့်ည သန်းခေါင်ယံအချိန်တွင် ကောင်းကင်ယံအလယ်တည့်တည့်မှာ အားပြိုင်ဆွဲကြရာမှ အာကာသဆွဲအားတို့ မြေပြင်ပေါ်တွင် ကျရောက်လာသည့်အခါ သစ်ပင်များမှ စုပ်ယူလိုက်ကြသဖြင့် ထိုအချိန်တွင် ဆေးဖက်ဝင်အပင်တွေ ဖြစ်သွားကြပါသည်။ ထိုအချိန်မှာ ခူးယူချက်ပြုတ်စားသုံးကြခြင်းဖြင့် ကျန်းမာချမ်းသာ အသက်ရှည်စေပြီး ဖြစ်ပွားနေသော ရောဂါဝေဒနာတွေလည်း ပျောက်ကင်းချမ်းသာစေသည်ပင်ဖြစ်ပါသည်။

အားလုံးသစ်ပင်တွေထဲမှာ မဲဇလီဖူးက ဘာကြောင့် ဆေးဖက်ဝင်မဲဇလီဖူးဖြစ်ရတာလဲဟု မေးစရာအကြောင်းရှိပါသည်။ ကျွန်တော် တင်ပြပါမည်။ အဖူး၊ အငုံတို့မှာ ဓာတ်ကိုသိမ်းဆည်းမှုပိုမိုစေပါသည်။ အထူးသဖြင့် မဲဇလီဖူးသည် သိဒ္ဓိမြောက်အစွမ်းသတ္တိဓာတ်တို့ကို ဖမ်းစားမှု၊ ကိန်းဝပ်မှု အခြားအပင်တို့ထက် ပိုကဲသည်ဟု ဆိုထားပါသည်။ ၎င်းအပြင် မူလကတည်းက အခါးဓာတ်ရှိစေပြီး အခါးဓာတ်က လူတွေ ကျန်းမာသည်ဟု ဆေးကျမ်းက ဆိုပါသည်။ ထို့ကြောင့် မဲဇလီဖူးသုပ်က ဆေးဖက်ဝင်ပါသည်ဟု သိစေချင်သောဆန္ဒဖြင့် ကျွန်တော်သိသလို တင်ပြလိုက်ပါသည်။

ဤနှစ် တန်ဆောင်မုန်းလပြည့်နေ့ အကြောင်းကို တင်ပြရပါလျှင် ဤနှစ်မှာလပြည့်နေ့သည် မြန်မာသက္ကရာဇ် ၁၃၇၉ ခု တန်ဆောင်မုန်းလဆန်း ၁၅ ရက် သောကြာနေ့ (၂၀၁၇ ခုနှစ် နိုဝင်ဘာ ၃ ရက်နေ့)ဖြစ်ပါသည်။

ထို့ကြောင့် တန်ဆောင်မုန်းလပြည့်နေ့မှာ အရှေ့လာဒ်အနောက်နတ် ၅ နာရီ ၅၉ မိနစ်လွန်လျှင် စန်းမိဿရာသီပြောင်းပါသည်။ တိထိ ၁၄ လုံး၊ တနင်္ဂနွေမြေခံ နေ့စက် ၁ နာရီ ၅၂ မိနစ်လွန်ပါက တိထိ ၁၄ လုံး မိတ္တူမြေခံ ရေဝတီ ကပ္ပတာ နက္ခတ် နံနက် ၆ နာရီ ၁၀ မိနစ် အလွန် အဿဝတီထွက်နက္ခတ် ဝိရဇိန်ယုဂ် နေ့ ၁၂ နာရီ ၃၂ မိနစ်လွန် အသရိကယုဂ် နံနက် ၂ နာရီ ၃၇ မိနစ်လွန် ဝါနဇ္ဇကရို တိထိ ၁၅ လုံး ဗိဿျှတိကရို ည ၇ နာရီ ၁၆ မိနစ်လွန် တနင်္ဂနွေ နဝင်းစီး ကြာသပတေး မူလမိဿစန်း ကတစန်းဖြစ်ပါသည်။

ထိုသို့ကျမ်းစာပါသည်နှင့်အညီ ကြည့်ခြင်းအားဖြင့် ယခုနှစ် ၁၃၇၉ ခု တန်တောင်မုန်းလပြည့်နေ့ ညသန်းခေါင်းယံအချိန်တွင် ဖျောက်ဆိပ်ကြယ်ဟု ခေါ်ကြသော ကြတ္တိကာ နက္ခတ်မွန်းတည့်ပြီ ဖြစ်ပါသည်။

**မဲဇလီဖူးသုပ်**

လနှင့်နက္ခတ်တို့ တွေ့ဆုံချိန်မှာ မဲဇလီဖူးသုပ်၍ စားသုံးကြခြင်းဖြင့် လူတွေရဲ့ ကျန်းမာရေးကို အထောက်အကူပြုကြောင်းလည်း ဆေးကျမ်းအရ သိရှိရပါသည်။ မူလကတည်းက ဆေးဖက်ဝင်နေသော မဲဇလီဖူးကို အထက်ကောင်းကင်က ရွှေလမင်းနှင့် ဖျောက်ဆိပ်ကြယ်တို့ အားပြိုင်ဆွဲအားကြောင့် ရရှိလာသော အသက်ရှည်ကျန်းမာစေသည့်ဓာတ်တို့ကို ရယူဖမ်းယူခြင်းတို့ပေါင်းစပ်မိသောအချိန်ကို ဖမ်းယူစားသုံးမိခြင်းဖြင့် လူတို့၏ ကျန်းမာရေးမှာ လွန်စွာကံကောင်းကျန်းမာမှုကို ရရှိစေခြင်းပင်ဖြစ်ပါသည်။

ထပ်မံ၍ ဖြည့်စွက်ပါလျှင် အလွန်ကောင်းမည့်အရာတစ်ခု တင်ပြပါဦးမည်။ ဘုရားဟောရှိပါသည်။ ကုစ္ဆိတိဘိက္ခဝေသီလဝတောစ စေတောပဏိ ဓိသုဒ္ဓါဆိုသည်နှင့်အညီ အရှင်ရဟန်းတို့ သီလရှိပါက စေပိုင်သည်ဟု ဟောထားသဖြင့် မဲဇလီဖူးသုပ်သူရော စားသူရော ငါးပါးသီလဆောက်တည်၍ ဆေးအဖြစ်ပေးပါဘုရားဟု ဘုရားကို တိုင်တည်စားသုံးပါကလွန်စွာ ဆေးဖက်ဝင်စေသွားမည်ဖြစ်ပါသည်။

ကျွန်တော်တို့ မြန်မာလူမျိုးတို့ စကားပုံတောင်ရှိပါသေးသည်။ ထိုစကားပုံကတော့ မသိသူကျော်သွား သိသူဖော်စားဟုပင် ဖြစ်ပါသည်။ အခုတော့ စာဖတ်သူတို့သိပြီဖြစ်၍ လပြည့်နေ့ ညရောက်ခါနီးပြီဖြစ်သည့်အတွက် ရအောင်မလွတ်တမ်းဖော်စားပြီး ကျန်းမာချမ်းသာ အသက်ရှည်ကြပါစေကြောင်း ဆုတောင်းမေတ္တာစေတနာမှန်ဖြင့် တင်ပြလိုက်ပါသည်။

# မြန်မာ့စေတနာ အားပြိုင်ပွဲ တန်ဆောင်တိုင်မှာ ဆင်နွှဲ

မျိုးသိန်း(ပဲခူး)

မြန်မာတို့တွင်ရာသီအလိုက်ပွဲတော်များအသီးသီး ကျင်းပလျက်ရှိသည့်အနက် တန်ဆောင်မုန်းလသည်အလွန်ပင်သာယာကြည်နူးဖွယ်ကောင်းလှသည့်လ တစ်လဖြစ်ပြီး တန်ဆောင်တိုင်ပွဲတော်မှာလည်း အလွန်စည်ကားသိုက်မြိုက်လှသည့် ပွဲတော်တစ်ခုပင်ဖြစ်ပေသည်။

ဆောင်းရာသီ၏ အငွေ့အသက်မိုးဆီးနှင်းတို့မှာလည်း မြောက်လေပြည်လေအေးတို့နှင့် အတူ တိုက်ခတ်ကျရောက်လာသည့် လတစ်လလည်းဖြစ်ပါသည်။ မြစိမ်းရောင် လယ်ကွင်းပြင်တို့ရှိ စပါးနှံတို့မှာ ရွှေဝါရောင်သန်း၊ သီးကင်းအနှစ်အခဲဝတ်ဆံတို့ တင်းမာဖုလုံးလာသည့်အတွက်လည်း ဖုံးတုန်းလုံးတုန်း တန်ဆောင်မုန်းဟုပင် ထိုရာသီကို ဆိုကြပေသည်။

**ထွန်းညှိတောက်ပ**

ထို့ကြောင့် တန်ဆောင်မုန်းဟူသည် အမိုက်မှောင်တို့ကို ဆီမီး၊ ဆီမီးတိုင်တို့ဖြင့် ဖျောက်လွင့် ချေမှုန်းကြပြီး ထွန်းညှိတောက်ပစေသောလဟူ၍လည်း အဓိပ္ပာယ်ရသည်ဟု ဆိုကြသည်။ ထိုကဲ့သို့ တန်ဆောင်မုန်းလ၌ မီးထွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြပြီး အချို့သော ရှေးမြန်မာတို့က ကြတ္တိကာနက္ခတ်သည် တန်ဆောင်မုန်းလတွင် ပေါ်ထွန်းကာ ယင်းနက္ခတ်အစောင့်မှာ အဂ္ဂိဒေဝ မီးနတ်ဖြစ်၍ တန်ဆောင်မုန်းလပြည့်နေ့၌ ထိုမီးနတ်သည်လူ့ပြည်သို့ ဆင်းသက်လာလေ့ရှိသည်ဆိုကာ ပူဇော်သောအားဖြင့် မီးရောင်စုံထွန်းညှိကြခြင်းဖြစ်သည်ဟု ဆိုကြသည်။ တန်ဆောင်တိုင်မီးထွန်းပွဲတော်သည် ဗုဒ္ဓဘုရားရှင်ဆံတော်ကိန်းဝပ်ရာ စူဠာမဏိစေတီတော်တာဝတိံသာ၌ရှိ၍ ရည်စူးပူဇော်သောပွဲတော်ဖြစ်သည်ဟု အချို့ကဆိုကြပြီး မဟာဝိနာယကဟုခေါ်ဆိုသည့် ဗိဿနိုးနတ်မင်းကြီးတန်ဆောင်မုန်းလတွင် နိုးသောလဖြစ်သည်ဆိုကာ ပူဇော်သောအနေဖြင့်မီးထွန်းခြင်းဖြစ်သည်ဟုဆိုကြ၏။ မည်သို့သောအကြောင်းကြောင့်ပင်ဆိုစေကာမူ တန်ဆောင်မုန်းလတွင်မြန်မာတို့မှာ မီးထွန်းပူဇော်ကြရုံမျှမက ကောင်းမှုကုသိုလ်အလှူဒါနများပြုလုပ်လာကြသဖြင့် တန်ဆောင်တိုင်ပွဲတော်သည် ယခု အချိန်အခါတွင် ဘာသာရေးနှင့်ပင် ဆက်နွှယ်မှုများရှိလာခဲ့ကြပြီဖြစ်ပါသည်။ တန်ဆောင်မုန်းလရာသီ၌ တန်ဆောင်တိုင်ပွဲတော် ရောက်ရှိလာသည်နှင့် ရှေးအခါကပင်စတင်၍ ဆီမီးများ၊ မီးရှူးမီးတိုင်များ ထွန်းညှိကြပြီး ပွဲလမ်းသဘင်များကိုလည်း ကျင်းပခဲ့ကြသည်။

**ကုသိုလ်ကောင်းမှုပြု**

ယခုချိန်ခါ၌ မီးပုံးများ၊ လျှပ်စစ်မီးရောင်စုံများပွဲလမ်းသဘင်များတို့မှာ ခေတ်မီစွာလူကြီး၊ လူရွယ်၊ လူငယ်၊ ကလေးမကျန် တန်ဆောင်တိုင်မီးထွန်းပွဲတော်အား ထွန်းညှိပူဇော်ဆင်နွှဲကြသည်။ မီးပုံးပျံအပြိုင်လွှတ်ပွဲများဖြင့်လည်း ပူဇော်ကျင်းပခြင်းမှာ အလွန်သာယာတင့်တယ်သော မြန်မာ့ရိုးရာ ပျော်ရွှင်ကြည်နူးစရာကောင်းလှသည့် တန်ဆောင်တိုင် ယဉ်ကျေးမှုပွဲတော် တစ်ရပ်ပင်ဖြစ်ပေသည်။ တန်ဆောင်မုန်းလရာသီပျော်ရွှင်ပွဲများအနက် ကုသိုလ်ကောင်းမှုများပြုလုပ်ကြရာ၌လည်း ကထိန်သင်္ကန်းကပ်လှူပွဲသည် ထူးခြားမြင့်မြတ်ပြီး အထူး သတ်မှတ်ထားသော စည်းကမ်းချက်နှင့် အညီ သံဃာတော်တို့အား ဆက်ကပ်ရသောသင်္ကန်းမှာ ကထိန်သင်္ကန်းပင်ဖြစ်၍ ကထိန်သင်္ကန်းလှူခြင်းကို ကထိန်ခင်းသည်ဟု ခေါ်ဆိုကြသည်။

**ကထိန်သင်္ကန်း**

သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့ထိ တစ်လမျှသာ ကထိန်သင်္ကန်းကို ကပ်လှူခွင့် ရှိပေသည်။ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ၊ အသင်းအဖွဲ့၊ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ စသည့်ဌာနအလိုက် စုပေါင်းကထိန်ပွဲများကိုလည်း ကျင်းပလာခဲ့ကြပြီး ပဒေသာပင်များပြုလုပ် စီတန်းလှည့်လည်ကာ ဘုန်းတော်ကြီးကျောင်းများသို့ ပို့ဆောင်လှူဒါန်းကြသည်။

ထိုပဒေသာပင်များတွင် ကထိန်သင်္ကန်းများသာမက လှူဖွယ်ဝတ္ထုပစ္စည်းမျိုးစုံ ထည့်သွင်းလှူဒါန်းခြင်း၊ စီတန်းလှည့်လည်ရာ၌လည်း အတီး၊ အမှုတ်၊ အဆို၊ အကများ ပါဝင်ကြပြီး ကြည့်ရှုရသူတိုင်း ရွှင်မြူးမဆုံးရှိကြသည့် မြန်မာတို့၏ တန်ဆောင်မုန်းလရာသီပွဲတော်တစ်ခုပင် ဖြစ်ပေသည်။ ထိုကဲ့သို့ ကုသိုလ်အမျိုးမျိုး၊ ပျော်ရွှင်ဆင်နွှဲပုံအစုံစုံ၊ ကြည်နူးဖွယ်ကောင်းလှသော တန်ဆောင်မုန်းလ၏ ပွဲတော် အချိန်ခါသမယ တန်ဆောင်မုန်းလပြည့် ညအား ဆေးပေါင်းခသည့် ညဟုလည်း ရှေးရှေးဆေးဆရာကြီးများက သတ်မှတ်ခဲ့ကြသည်။

တန်ဆောင်မုန်းလတွင် ရဟန်းသံဃာများအား ကထိန်သင်္ကန်းများ လှူဒါန်းခဲ့ကြသလို ဗုဒ္ဓဘုရားရှင်ကိုမူ တစ်မူထူးခြားစွာ မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ထိုမသိုးသင်္ကန်း ဆက်ကပ် လှူဒါန်းပွဲကိုလည်း တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ နေဝင်သည်နှင့် စတင် ရက်လုပ်ကြပြီး တန်ဆောင်မုန်းလပြည့်နေ့ အရုဏ်မတက်မီညချင်းပြီး နောက်တစ်နေ့မကူးခင် ရက်လုပ်ချုပ်ကာ ထိုမသိုးသင်္ကန်းအား ဗုဒ္ဓမြတ်စွာဘုရားရှင်အား ရည်စူး၍ ရုပ်ပွားစေတီတော်များကို ဆက်ကပ်ပူဇော် လှူဒါန်းကြသည်။

**မသိုးသင်္ကန်းရက်လုပ်**

ထိုမသိုးသင်္ကန်းကို ရက်ကန်းစင်များအုပ်စုဖွဲ့၍ ခွဲခြားပြိုင်ဆိုင်ခဲ့ကြရာ ကုသိုလ်စေတနာကိုသာ အဓိကထားပြိုင်ဆိုင်ကြသည့် ပွဲတစ်ခုပင်ဖြစ်ကြပြီး ထိုကဲ့သို့သော တန်ဆောင်မုန်းလရာသီ၏ တန်ဆောင်တိုင်ပွဲတော်ပျော်ရွှင်ဖွယ်ရာဆင်နွှဲနေချိန်၌ ဝတ္ထုပစ္စည်းစုံလင်စွာဖြင့် ပဒေသာပင်များ သွန်ထက်ငါ ပြုလုပ်၍ ကထိန်ပွဲများ ဆင်နွှဲကြခြင်း၊ မသိုးသင်္ကန်းများ အစုလိုက်ယှဉ်ပြိုင်၍ ရက်လုပ်ကာ အပြိုင်အဆိုင်ဆက်ကပ်လှူဒါန်းကြခြင်းတို့သည် တန်ဆောင်မုန်းလရာသီ တစ်ခုတည်းမှာသာလျှင် တန်ဆောင်တိုင်ပွဲတော်နှင့် ဆက်နွှယ်ပြုလုပ်နေကြသည့် မြန်မာ့စေတနာအားပြိုင်ပွဲ တန်ဆောင်တိုင်မှာ ဆင်နွှဲကြခြင်းသာဖြစ်ပါကြောင်း ရေးသားလိုက်ရပါတော့သည်။

## REQUEST FOR EXPRESSION OF INTEREST

## INTERNATIONAL PROCUREMENT SPECIALIST

## C4-CS1

### INDIVIDUAL CONSULTANT

**Client:** Yangon City Development Committee (YCDC)
**Country:** Republic of the Union of Myanmar
**Project:** Myanmar Southeast Asia Disaster Risk Management Project
**Loan No.** 60800-MM
**Assignment Title:** International Procurement Specialist
**Reference No. (as per Procurement Plan):** C4-CS1

The Republic of the Union of Myanmar has received financing from the International Development Association (IDA) in the form of a loan toward the cost of Myanmar Southeast Asia Disaster Risk Management Project. The Yangon City Development Committee (YCDC), an implementing agency for the Project, intends to apply a portion of the proceeds of this loan to for Consulting Services.

YCDC wishes to invite eligible Individual Consultant to express his/her interest in providing his/her services as International Procurement Specialist.

The International Procurement Specialist shall be responsible for inter alia: i) Assisting YCDC to carry out procurement of civil works, goods, equipment and consultant services under the Project; ii) The build-up in the capacity of the various departments of YCDC in procurement and contract management; iii) Development of a framework and documentation for procurement and contract monitoring and training YCDC staff in the use and application of the framework; iv) Assistance to YCDC to resolve any procurement-related issues, including responses to comments from the World Bank and possible disputes and complaints from contractors, suppliers, consultants on contract award and progress in accordance with World Bank Procedures.

It is envisaged a one year contract, renewable for up to 12 months subject to satisfactory performance and a 3 month probationary period in the first year.

YCDC now invites eligible Individual Consultant to indicate his/her interest in providing the Services. Interested individual consultant must provide information indicating that he/she is qualified to perform the services: Curriculum Vitae (should include a description of education and general qualifications, similar assignments, experience in similar conditions etc. and the names, business contacts and email addresses of three referees).

The successful candidate must have (Essential Qualifications and Knowledge/Experience): 1) An advanced degree in management, economics, business administration, engineering or any related field; 2) At least 10 years of working experience in public procurement in developing countries, including at least 5 years in conducting procurement under World Bank financed projects; 3) Experience in delivering procurement training and contract monitoring courses to public agencies; 4) Willingness to train national staff on day-to-day basis; 5) Must be computer literate in the use of software such as word processing, spreadsheets, planning software (MS Project) and any other applications used for procurement activities

The attention of interested Consultants is drawn to paragraph 1.9 of the World Bank's *Guidelines: Selection and Employment of Consultants under IBRD Loans and IDA Credits & Grants by World Bank Borrowers* January 2011, revised July 2014 ("Consultant Guidelines"), setting forth the World Bank's policy on conflict of interest.

A Consultant will be selected in accordance with the Individual Consultant Selection method set out in the Consultant Guidelines.

Further information can be obtained at the address below during office hours [9.30a.m to 4.30p.m, Monday to Friday].

Expressions of interest must be delivered in a written form to the address below (in person, or by mail, or by fax, or by e-mail) by Friday, November 17, 2017 before 3:00 pm.

**Yangon City Hall**
Contact Person: U Nyan Thar
1st Floor, Yangon City Hall,
Kyauktada Township, Yangon,
Republic of the Union of Myanmar.
Tel: ++95 1 371126
Fax No. : 951-371126, 01-371126
E-mail: *ycdcdba@gmail.com*

### အမည်ပြောင်း

မွေးနံလိုက်

### ကားမျိုးစုံငှားသည်။

MT&K Tours Ph:01-656573
09-975599880, 09-31065335

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

### စာအုပ်စာပေပလုပ်မိတ်ဆွေ

### "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ဒေါ် (LL.B) ဒေါ် (LL.B)

### ကန့်ကွက်နိုင်ကြောင်းကြေညာချက်

"အရပ်ရပ်ကန့်ကွက်သင့်သူများ"

ဒေါ်ခိုင်(LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၅၇၅)

### ဦးမျိုးသန့်(ခ)ဟာဘီဘူရ္ရာဟာ(ခ)အိုစမာ (HBE - ၀၉၂၉၁၄)သိစေရန် (အကြောင်းကြားစာ)

ဦးသန့်စိုးဝင်းသားဖြစ်သူ ဦးမျိုးသန့်(ခ)ဟာဘီဘူရ္ရာဟာ(ခ)အိုစမာ(ယခုနေရပ်လိပ်စာမသိ)သိစေရန် ဖြစ်သည်။ ... ဦးမျိုးသန့်(ခ)ဟာဘီဘူရ္ရာဟာ(ခ)အိုစမာနှင့် ... မြန်မာနိုင်ငံလုံးဆိုင်ရာမော်လီဘီအဖွဲ့ချုပ်(ဗဟို) အဖွဲ့ဝင် ... သင်သိစေသည်မှာ ... သိစေပါသည်။

အလ်ဟာဂျီ အွတ်စ်တာဇ် အလ်ကာသွီ ဦးကျော်စိုး (စာရေးဆရာ)
အထွေထွေအတွင်းရေးမှူးချုပ်
မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)
အမှတ်(၇၉)၊ ၆-လွှာ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၄၁၃၇၈၊ ၀၉ ၅၀၀၄၄၆၈

### ပျောက်ဆုံးကြောင်း

ဖုန်း-၀၉ ၄၄၄၄၅၆၉၇၆

### ပြင်ဆင်ဖတ်ရှုပါရန်

### သွေးသည်အသက်

"DESTINY"
စက်ချုပ်သင်တန်း နှင့် ဒီဇိုင်နာသင်တန်း
09-XXX, 09-XXX
http://facebook/Destiny Destiny

ခရီးစိမ်းမင်း 09-444450446, 09-444450551, 09-250144709

Nov 1, 2, 10

မြနန္ဒာမြတ်ချယ်ရီ Travel & Tours 01-551240, 09-5003647

Nov 10 ~ 14

• ဟိုချီမင်း ~ မိုးနဲ ~ ဒါလတ်

(၄ရက်) US$ 345

• ဟနွိုင်း ~ ဟလောင်းဘေး

Fb: Myanmar Myat Cherry Travel & Tours

ရွှေမြင့်မိုရ်

Ph:09-450093119

09-263119919

09-777565619

အရောင်းဝန်ထမ်းအမြန်အလိုရှိသည်

ဆပ်ပြာရည်ရောင်းရန် (၁၅၀၀၀၀-၂၀၀၀၀၀) ကျား (၅) ဦး၊ မ (၅) ဦး

မန်နေဂျာ (၂၀၀၀၀၀-၃၅၀၀၀၀) ကျား (၃) ဦး၊ မ (၃) ဦး

စာရင်းကိုင် (၂၅၀၀၀၀-၃၀၀၀၀၀) မ (၃) ဦး

အရောင်းဝန်ထမ်း (လစာ + % ခံစားခွင့်ရှိပါသည်။)

ဆပ်ပြာရည်လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။ (၉-၁၁-၂၀၁၇)

Mingalar Cinemas

www.facebook.com/mingalarcinemas

Mingalar Cinemas facebook

၃.၁၁.၂၀၁၇ နေ့မှ ပြသမည့်ဇာတ်ကားသစ်များ

မယားကြောက်ရွာ

ရန်ကုန် - သမ္မတ၊ သွင်၊ မင်္ဂလာ(၁)၊ မင်္ဂလာစံပြ၊ Top Royal၊ မင်္ဂလာ

မန္တလေး - ဝင်းလိုက်၊ မြို့မ၊ မင်္ဂလာ ဒိုင်းမွန်း

ပြည် - မင်္ဂလာထွန်းသီရိ

ပဲခူး - မင်္ဂလာ Icon

တောင်ငူ - NEW 3D CINEMA

ပဲခူး - မင်္ဂလာ ရွှေဟင်္သာ

မကွေး - မင်္ဂလာစံပြ

ရင်ဘတ်ထဲကဓါး

ရန်ကုန် - ရွှေဂုံဆောင်၊ မင်္ဂလာစံပြ၊ မင်္ဂလာ၊ မင်္ဂလာဝဇီရာ

မန္တလေး - မင်္ဂလာ ဒိုင်းမွန်း၊ မန်းနေပြည်တော်

ပြည် - မင်္ဂလာထွန်းသီရိ

ပဲခူး - မင်္ဂလာ Icon

တောင်ငူ - NEW 3D CINEMA

ပဲခူး - မင်္ဂလာ ရွှေဟင်္သာ

မကွေး - မင်္ဂလာစံပြ

THOR RAGNAROK(3D)

ရန်ကုန် - နေပြည်တော်၊ မင်္ဂလာစံပြ၊ မင်္ဂလာ၊ မင်္ဂလာ(၂)

မန္တလေး - မင်္ဂလာ ဒိုင်းမွန်း

ပဲခူး - မင်္ဂလာ Icon

တောင်ငူ - NEW 3D CINEMA

မကွေး - မင်္ဂလာစံပြ

GEOSTORM

ရန်ကုန် - ရွှေဂုံဆောင်

BLADE RUNNER 2049(3D)

ရန်ကုန် - နေပြည်တော်၊ မင်္ဂလာ

SECRET SUPER STAR

ရန်ကုန် - နေပြည်တော်၊ ရွှေဂုံဆောင်






## တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
## အင်ဂျင်နီယာသင်တန်းသားများ
## အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၁၁-၉-၂၀၁၇** ရက်နေ့မှ စတင်၍ **၂၅-၁၁-၂၀၁၇** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ**။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့(တောင်ကြီးခရိုင်)တွင် လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၂၉-၁၂-၂၀၁၇** မှ **၃၀-၁၂-၂၀၁၇** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၄၀၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၄၅၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၅၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည်အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

# ဖေဖေ ဦးဝေဖြိုး နှင့် မေမေ ဒေါ်ယုမွန် တို့၏ သားသား "ဒွဲဝေဖြိုး" (၇)နှစ်ပြည့် မွေးနေ့နှင့်မီးမီး "ထက်မွန်ဖြိုး" (၁)နှစ်ပြည့် တို့အတွက် မွေးနေ့ဆုမွန်ကောင်း

၃. ၁၁. ၂၀၁၇ ရက်တွင် ကျရောက်သော သားသား **ဒွဲဝေဖြိုး**၏(၇)နှစ် ပြည့်မွေးနေ့ နှင့် **၄-၁၀-၂၀၁၇**ရက်တွင် ကျရောက်ခဲ့သော မီးမီး **ထက်မွန်ဖြိုး**၏ (၁)နှစ်ပြည့် မွေးနေ့မှသည် ယဉ်ကျေးလိမ္မာသော သားကောင်းသမီးကောင်း ရတနာဖြစ်ခြင်း၊ တတ်သိနားလည်ခြင်း၊ ထူးချွန်ထက်မြက်ခြင်း၊ ကျန်းမာပျော်ရွှင်ခြင်းတို့နှင့်ပြီးပြည့်စုံသော မွေးနေ့ပေါင်းများစွာကို ဖေဖေ ဦးဝေဖြိုး-မေမေ ဒေါ်ယုမွန်တို့နှင့်အတူပိုင်ဆိုင်နိုင်ပါစေ။

ရသာချိုစက်မှုလုပ်ငန်းလီမိတက်
ချိုချိုစက်မှုလုပ်ငန်းလီမိတက်
ချိုချိုကုမ္ပဏီလီမိတက်
မြန်မာဇာလဖြန့်ဖြူးရေးကုမ္ပဏီလီမိတက်





















Dumex
Dugro 3
SO MUCH MORE
"ပိုမိုပြည့်စုံအောင် ရယူလိုက်ပါ"
Aung
Yoon
BUILD A BACKPACK
Myanmar Plaza
5 th Nov 2017
9:00 Am to
8:00 Pm
Crazy Entertainment
အထူး Promotion အစီအစဉ်များ
Exciting Games
Flash Mobs
Family Photo Booth
အခမဲ့
သားသား မီးမီးတို့၏ အမည် ထိုးပေးထားသော ကိုယ်ပိုင်
ကျောပိုးလွယ်အိတ်လေးတွေ ရရှိမည့် အခွင့်အရေး


သွေးအချိုဓာတ်ကို Glucerna နှင့် အကောင်းဆုံး အနေအထားတွင် ထိန်းထားပါ။
No.1 Doctor Recommended Brand in USA*
Triple Care System
Glucerna
Distributed By
PAHTAMA
Abbott Nutrition
Careline
09 260 35 62 62
Abbott


www.goldenedensleepsolutions.sg
Imported from Singapore
GOLDEN EDEN
SLEEP SOLUTIONS
TaZaungDine Promotion Event
Bedsheet sets | Comforters (Blanket) | Pillow | Bolster
Place: Gamone Pwint San Yeik Nyein ( Hledan)
Date: 3 to 5 November 2017

## အမက(၈)၊ မူလွန်ကျောင်း၊ သဃ်န်းကျွန်း ပထမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

အမက(၈)မူလွန်ကျောင်း စတင်တည်ထောင်သည့်နှစ်မှ ၂၀၀၄ ခုနှစ်အထိ ပညာသင်ကြားပို့ချပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် (အမျိုးသားနေ့) နံနက် ၉ နာရီတွင် ကျောင်းသား၊ ကျောင်းသူဟောင်းများမှ အမက(၈)ကျောင်းဝင်းအတွင်း ပူဇော်ကန်တော့ကြမည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသူ၊ ကျောင်းသားဟောင်းများ မပျက်မကွက် ကြွရောက်ပေးကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**(ဆရာကန်တော့ပွဲဖြစ်မြောက်ရေးအဖွဲ့)**

**ဆက်သွယ်လှူဒါန်းရန်**

| | | | |
|---|---|---|---|
| ဒေါ်စန်းစန်း | ဖုန်း-၀၉-၂၅၄၄၉၉၇၇၄ | ကိုလွင်ဖြိုး | ဖုန်း-၀၉-၇၉၂၈၀၉၂၀၈ |
| ဒေါ်နုနုဝေ | ဖုန်း-၀၉-၇၃၁၇၅၈၅၀ | မဝေဖြူနှင်းဇော် | ဖုန်း-၀၉-၇၉၄၇၂၀၈၈၁ |
| ဦးအေးလွင် | ဖုန်း-၀၉-၇၉၃၉၀၁၀၉၀ | မသင်းမြတ်နိုး | ဖုန်း-၀၉-၅၄၁၁၅၂၄ |
| Dr.ကျော်စွာဦး | ဖုန်း-၀၉-၅၁၀၈၈၄ | ကိုဖွဲ့ပြည့်အောင် | ဖုန်း-၀၉-၇၉၅၆၉၆၄၂၄ |
| ကိုဝင်းဘုန်းစံ | ဖုန်း-၀၉-၇၉၅၇၁၄၅၁၃ | ကိုစိုးကျော်ထက် | ဖုန်း-၀၉-၅၁၆၁၀၂၁ |

0107600100041203(CB Bank,Myanmar Plaza)



ရွှေတိဋ္ဌိရိ
အိမ်ပြောင်း၊ အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
ကားကြီး၊ ကားငယ်
ဆိုင်ခန်းများနှင့် အလုပ်သမားများအပါ
တပါတည်း ပြောင်းရွှေ့ပေးသည်။
(မြို့တွင်း / နယ်ဝေး)
09-2532 77776
09-2532 66667
09-2532 66668
09-2532 66669



ရောင်ခြည်ထိစ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်၊
Ph:09-450454771
09-450454772
09-450454773



သီဟလင်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10',14',16',18',22')ကား
များဖြင့်လုပ်သားအပြီးအစီး
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394



### Master of Business Administration (Global MBA), Batch – 10

**ပညာသင်ဆုသို့ ပါဝင်လျှောက်ထားနိုင်ရန် ဖိတ်ကြားခြင်း။**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် University of the Thai Chamber of Commerce (UTCC) တို့ ပူးပေါင်းဖွင့်လှစ်သော Master of Business Administration (Global MBA) သင်တန်း Batch-10 ကို (၂၅.၁၁.၂၀၁၇) ရက်နေ့တွင် Pre-study ဖြင့် စတင်ဖွင့်လှစ်မည် ဖြစ်ပါသည်။

၂။ အဆိုပါ သင်တန်းတွင် ပညာသင်ဆုပေးအပ်မည့် အစီအစဉ်ရှိပါသဖြင့် ကုန်သည်စက်မှုအသင်းချုပ်၏ ... TOEFL Scores 550 (သို့) ... UMFCCI နှင့် UTCC ... ဖြစ်ပါသည်။

၃။ ... Website (သို့) HRD ဌာန ... ဖုန်း ၀၁-၂၃ ... (Ext: ...) ... ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

ကုန်သည်စက်မှုအသင်းချုပ် (UMFCCI)



ပျောက်ဆုံးကြောင်း
... Passport No. ... ပျောက်ဆုံးသွားပါသဖြင့် ... အကြောင်းကြားအပ်ပါသည်။
Ph : 09 - 962033771



**ဖခင်အမည်မှန်**

နေပြည်တော်၊ မွေးမြူရေးဆိုင်ရာ တက္ကသိုလ်၊ ဆဋ္ဌမနှစ်မှ မောင်အောင်ဖြိုးဟိန်း၏ ဖခင်အမည်မှန်မှာ ဦးဌေးဝင်း(ခ) ဦးမောင်ဝင်း [၅/ကလန(နိုင်)၀၀၄၃၁၂] ဖြစ်ပါကြောင်း။ **ဦးဌေးဝင်း(ခ)ဦးမောင်ဝင်း**



ကိုသန့်ခင်
CAR RENTAL
09-43117680, 09-5059821



လှိုင်မြင့်အောင်
LMA
ISO 9001:2008 နှင့် GMP



PUN HLAING SILOAM HOSPITALS

"နိုင်ငံခြားသို့သွားရောက်ကုသရန်မလိုတော့ပါ"
စင်ကာပူနိုင်ငံမှဆရာဝန်ကြီးလာရောက်မည့်အစီအစဉ်

Only JCIA Hospital in Myanmar



Prof Sarbjit Singh
Emeritus Patron
M.B.B.S (SG), F.R.C.S (Edin), F.R.C.S (Glasgow), F.A.M.S (Ortho)
Fellowship in Ortho Surgery (Toronto, Canada)
Adjunct Professor, SIM University

နိုဝင်ဘာလ (၉)ရက်မှ (၁၁)ရက်နေ့ထိ

မှန်ပြောင်းအသုံးပြု၍ ဖွဲ့စပ်အတွင်း ရောဂါရှာဖွေကုသခြင်း (Arthroscopy)
အရိုးအကြောအဆစ်ဆိုင်ရာ ခွဲစိတ်ကုသခြင်း
Ilizarov နည်းပညာဖြင့် အရိုးရှည်အောင်ခွဲစိတ်ကုသခြင်း
အခြားအရိုးရောဂါများကို ကုသခြင်း

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၃၆၈၄၃၂၂၊ ၃၆၈၄၃၂၅၊ ၃၆၈၄၃၃၆၊ (၀၉) ၄၂၀၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၉၀၈၀၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၀



Since 1996
KMD Institute
UNIVERSITY of GREENWICH | SQA | NCC | ISO



**First Year Diploma**
▶ 10 November 2017
▶ 1:00 pm - 5:00 pm (Mon - Fri)
**HND Diploma**
▶ 2 December 2017
▶ 7:00 am - 1:00 pm (Sat - Sun)

**Hotline : 09770867903**

• First Year Diploma in Computing (UK)
• Higher National Diploma (SQA)

- နှစ်စဉ် ထူးချွန် ကျောင်းသား၊ ကျောင်းသူ အများဆုံးမွေးထုတ်ပေးခြင်း။
- အရည်အချင်းရှိသော ဆရာ၊ ဆရာမ များ အချိန်ပြည့်ရှိသောကြောင့် အချိန်မရွေး စာမေးမြန်းနိုင်ခြင်း။
- CB BANK ဘဏ်၊ AYA Bank ဘဏ်များနှင့်ချိတ်ဆက်၍ သင်တန်းကြေးများကို အရစ်ကျပေးချေနိုင်ရန်စီစဉ်ပေးထားခြင်း။
- တက္ကသိုလ်ဝင်တန်းစာမေးပွဲကိုထူးချွန်စွာအောင်မြင်ထားသူများအတွက် နှစ်စဉ် ပညာတော်သင်ဆုများ ချီးမြှင့်ခြင်း။
- နယ်မှလာတက်မည့်ကျောင်းသား/သူများအတွက် နေထိုင်စားသောက်ရေးအဆင်ပြေစေရန် အဆောင်များစီစဉ်ပေးခြင်း။

First Year Computing Diploma (NCC) → Second Year Computing Diploma (NCC) → B.Sc(Hons)BIT (Final Year) UNIVERSITY of GREENWICH
HND Diploma (First Year) (SQA) → HND Diploma (Second Year) (SQA) → B.Sc(Hons)BIT (Final Year)

KMD (Myaynigone) : No.331, Pyay Road, Myaynigone, Sanchaung Township, Yangon.
☎ 01- 700895, 381776, 381035, 502233, 527436, 220555

# ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအား ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စိတ်လက်ချမ်းသာစွာ အနားယူအပန်းဖြေနိုင်ရေး အဆင့်မြှင့်တင်

**နေပြည်တော် နိုဝင်ဘာ ၂**

တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ စိမ်းလန်းစိုပြည်သာယာလှပရေးနှင့် ရေရှည်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ထားသောလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတသည် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီဝင်များဖြစ်ကြသည့် အမြဲတမ်းအတွင်းဝန်များ၊ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ နံနက် ၁၀ နာရီတွင်ရောက်ရှိကြရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက ရှင်းလင်းဆောင်၌ တိုင်းရင်းသားကျေးရွာအတွင်း တိုင်းရင်းသားလူမျိုးရှစ်မျိုး၏ ရိုးရာအိမ်များ၊ ဒေသအထိမ်းအမှတ် ပုံစံငယ်များအား ရိုးရာဓလေ့ထုံးစံနှင့်အညီ ဆောက်လုပ်ပြသထားရှိမှု၊ နန်းမြင့်မျှော်စင်တွင် တိုင်းရင်းသားလူမျိုး ရှစ်မျိုး၏ ရိုးရာဝတ်စားဆင်ယင်မှုပုံစံများ၊ ရိုးရာအိမ်ပုံစံငယ်များနှင့် နံရံဆေးရေးပန်းချီကားများ၊ တိုင်းရင်းသားများ၏ အသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှု၊ တိုင်းရင်းသားရိုးရာ

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



ခင်းကျင်းပြသထားသည့် တိုင်းရင်းသားလူမျိုးများ၏ အသုံးအဆောင်ပစ္စည်းများအား ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ လှည့်လည်ကြည့်ရှုစဉ်။

# ပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ ရန်ကုန်တန်ဆောင်တိုင် မီးထွန်းပွဲ



ရန်ကုန်မြို့ လမ်းမတော် တန်ဆောင်တိုင်ပွဲတော် စည်ကားနေမှုကို တွေ့ရစဉ်။

**ရန်ကုန် နိုဝင်ဘာ ၂**

မြန်မာ့ရိုးရာ အစဉ်အလာဖြစ်သည့် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို ရန်ကုန်မြို့နေရာအနှံ့အပြားတွင် ပျော်ပွဲရွှင်ပွဲများ၊ ဈေးပွဲတော်များဖြင့် ကျင်းပလျက်ရှိရာ ယနေ့ညနေပိုင်းတွင်လည်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ရန်ကုန်မြို့ မြို့တော်ခန်းမအနီး မဟာဗန္ဓုလပန်းခြံရှေ့၌ ကျင်းပသည့် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

"အားလုံးဟာပြည်သူတွေအတွက် လုပ်တာပါပဲ၊ ပြည်သူတွေပျော်ရွှင်မယ်၊ ဝမ်းမြောက်မယ်ဆိုရင် အဲဒီပျော်ရွှင်မှုတွေရဲ့ နောက်ကွယ်မှာ အလုပ်အကိုင်တွေ ဖန်တီးလာနိုင်မှာဖြစ်ပါတယ်၊ နောက်ထပ်လည်း ဒီလိုပွဲတော်မျိုး ပူးပေါင်းပြီး ကျင်းပသွားမှာဖြစ်ပါတယ်"ဟု ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောသည်။

မဟာဗန္ဓုလပန်းခြံရှေ့၌ကျင်းပသည့် ရန်ကုန်တန်ဆောင်တိုင်ပွဲတော်တွင် မီးလုံး၊ မီးပုံးများဖြင့် လှပစွာထွန်းညှိထားရာ လာရောက်ကြည့်ရှုအပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်။

"မြန်မာ့ရိုးရာပွဲတော်တွေဟာ တိမ်မြုပ်နေသလိုပဲ ခံစားရတယ်၊ အဲဒါကြောင့် အခုလိုမျိုး ရိုးရာယဉ်ကျေးမှုကို မြန်မာဟော့ဆိုပြီး ကမ္ဘာက သိအောင်၊ လူအများသိအောင် ဒီလိုမျိုး ဖော်ဆောင်ပေးတဲ့အတွက် ကျေးဇူးလည်းတင်သလို လူငယ်တွေအတွက်လည်း ဗဟုသုတတွေ အများကြီးရပါတယ်၊ ကိုယ့်မြန်မာ့ယဉ်ကျေးမှု နဲ့ပတ်သက်ပြီးတော့ သူတို့က တော်တော်များများ မသိကြဘူး၊ ဒါကြောင့် ကိုယ့်ယဉ်ကျေးမှုကို ပြန်လည်နှစ်သက်လာအောင်၊ လူငယ်တွေ စိတ်ဝင်စားလာအောင် စွမ်းဆောင်ပေးတဲ့အတွက် အဓိပ္ပာယ်ရှိတဲ့ ပွဲတော်လေးပါ"ဟု မင်္ဂလာတောင်ညွန့်မြို့နယ်မှ လာရောက်သူ ဒေါ်စန္ဒာမြင့်က ပြောသည်။

အဆိုပါပွဲတော်ကို နိုဝင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး "တို့ဌာနီ တို့မြန်မာပြည် မြန်မာတို့၏ ပရိမိယာကော်ဖီ" မှ

**စာမျက်နှာ ၅ ကော်လံ ၁ သို့**

